မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ နယုန်လဆန်း ၅ ရက်၊ ၂၀၀၉ ခုနှစ်၊ မေ ၂၈ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၃၅)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဂျာမနီနိုင်ငံသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ၏ သမ္မတအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းခံရသည့် မစ္စတာ ဟော့စ်ခိုလာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အဇာဘိုင်ဂျန်နိုင်ငံသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၂၈

၂၀၀၉ ခုနှစ် မေ ၂၈ ရက်တွင် ကျရောက်သော အဇာဘိုင်ဂျန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အဇာဘိုင်ဂျန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အီလ်ဟမ် အာလီယက်(ဗ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ကံမမြို့နယ် ရေနံ့သာကျေးရွာအနီး၌ မင်းတုန်းချောင်းတံတား တည်ဆောက်လျက်ရှိ

နေပြည်တော် မေ ၂၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၅ရက် နံနက်ပိုင်းတွင် သရက်တပ်နယ်ခန်းမ၌ တပ်နယ်မှအရာရှိ၊ စစ်သည် မိသားစုဝင်များအားတွေ့ဆုံ၍ လက်ဆောင်ပစ္စည်းများပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

စာမျက်နှာ ၇ ကော်လံ ၁ *

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အဇာဘိုင်ဂျန်နိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၂၈

၂၀၀၉ ခုနှစ် မေ ၂၈ ရက်တွင် ကျရောက်သော အဇာဘိုင်ဂျန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ အဇာဘိုင်ဂျန်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ အာတား ရာစီဇေတ်(ဒ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

လက်ဖက်တစ်ကေ အထွက်နှုန်းကောင်းစေဖို့ ကြိုးပမ်းကြပါစို့

➢ သတင်းခရီးသည် - မြင့်မောင်စိုး ➢ ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း (မရမ်းကုန်း)

➢ စာမျက်နှာဖွဲ့စည်းမှု - ဟန်စိုး (မြန်မာ့အလင်း)

ကိုင်းဖြတ်ပုံသွင်းခြင်းမရှိသော လက်ဖက်ပင်များကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

လားရှိုး မေ ၂၇ (ဖက်စ်)

မကြာမီက ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတစ်ရပ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ●

လားရှိုးမြို့ အရှေ့မြောက်ဘက် ကုန်းမြင့်ယာမြေ(၃)၌ စိုက်ပျိုးထားသော စိန်ဝတ်မှုန်ကုမ္ပဏီ၏ လက်ဖက်စိုက်ခင်းကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ ခုနှစ် မေ ၂၈ ရက်)

နိုင်ငံအနှံ့စက်ရုံအလုပ်ရုံများ တိုးချဲ့တည်ဆောက်နေ ပြည်ပသွင်းကုန်အစားထိုးလုပ်ငန်း အောင်မြင်ရန် ဝိုင်းဝန်းကြိုးပမ်း

ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၏ ရေနီအမှတ်(၂) စက္ကူစက်ရုံအနီး၌ တည်ဆောက်ပြီးစီးသွားသည့် တန်(၅၀) သတင်းစာပျော့ဖတ်နှင့် တန်(၈၀) ထုပ်ပိုးစက္ကူစက်ရုံဖွင့်ပွဲ အခမ်းအနားကို မေလ ၂၆ရက်နေ့က အဆိုပါစက်ရုံ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ခဲ့သည်။

ယခုဖွင့်လှစ်ခဲ့သည့်စက်ရုံသည် ပြည်တွင်းရှိသဘာဝအရင်းအမြစ်များကို အကျိုးရှိစွာအသုံးချပြီး သတင်းစာစက္ကူအတွက် ပျော့ဖတ်နှင့် ထုပ်ပိုးစက္ကူများ ထုတ်လုပ်ပေးခြင်းဖြင့် ပြည်ပသွင်းကုန် အစားထိုးလုပ်ငန်းကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

စက်ရုံအလုပ်ရုံများ တိုးချဲ့တည်ဆောက်လာနိုင်သည်နှင့်အမျှ နယ်မြေဒေသများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာခဲ့သည်။

စက်ရုံများတွင် ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးကိုက်ညီရေးအတွက် စက်များစွမ်းအားပြည့်လည်ပတ်ရန်၊ လုပ်သားများကျွမ်းကျင်ရေးနှင့် ကုန်ကြမ်းလိုအပ်ချက်များ အမြဲပြည့်စုံနေရန် လိုအပ်သောကုန်ကြမ်းများ ဖြည့်ဆည်းပေးရမည်ဖြစ်သည်။

ယင်းစက်ရုံသည် သတင်းစာပျော့ဖတ်နှင့် ထုပ်ပိုးစက္ကူများကို သစ်၊ ဝါး အခြေခံကုန်ကြမ်းများဖြင့် သတင်းစာပျော့ဖတ် တစ်နေ့လျှင် တန်(၅၀)၊ ထုပ်ပိုးစက္ကူ တစ်နေ့လျှင် တန်(၈၀) ထုတ်လုပ်နိုင်မည်ဖြစ်သည်။

လူဦးရေတိုးတက်လာမှုနှင့်အညီ သတင်းစာအခန်းကဏ္ဍ မြင့်မားလာမှုကြောင့် လိုအပ်သောသတင်းစာစက္ကူအတွက် သတင်းစာပျော့ဖတ်ကို တွင်ကျယ်စွာ ထုတ်လုပ်အသုံးပြုနိုင်ရန်နှင့် ဘိလပ်မြေစက်ရုံများ တိုးချဲ့တည်ဆောက်လာမှုကြောင့် ထုပ်ပိုးစက္ကူများလိုအပ်ချက်ကို ဖြည့်ဆည်းထုတ်လုပ်ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် စက်ရုံကိုတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ပြည်တွင်းသုံး၍ ပိုလျှံသောသတင်းစာပျော့ဖတ်နှင့် ထုပ်ပိုးစက္ကူများကို ပြည်ပသို့ တင်ပို့ရောင်းချရန်ဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်အစိုးရသည် စက်မှုနိုင်ငံအဖြစ် ဦးတည်ဖော်ဆောင်လျက်ရှိရာ စက်ရုံများ ယခုကဲ့သို့ တိုးချဲ့တည်ဆောက်ခြင်းဖြင့် ခေတ်မီစက်ကိရိယာများအသုံးပြု၍ ခေတ်မီနည်းပညာများနှင့် အတွေ့အကြုံများရရှိမည်ဖြစ်ပြီး ပြည်ပသွင်းကုန်အစားထိုးလုပ်ငန်းကိုလည်း ဖြည့်စွမ်းပေးနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၈-၅-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ အမျိုးသားရေးတေးကဗျာ
၄:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၀ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅:၀၀ ၇။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၂။ လျှပ်တစ်ပြက်
၆:၄၀ ၁၃။ ကာတွန်းအစီအစဉ် **ပြိုင်ကားကလေးဇက်ပါ** (အပိုင်း-၂)
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၅၄)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ အနုပညာရှင်၏ တစ်နေ့တာ
၁၉။ ကုန်သွယ်သုတ
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နတ်ဆေးရှင်သိုင်းမောင်နှံ** (အပိုင်း-၁၀)

ကမ္ဘာ့လူတုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး အသိပညာပေးဟောပြောပွဲ ဒေါပုံမြို့နယ်၌ကျင်းပ

ရန်ကုန် မေ ၂၇

ကမ္ဘာ့လူတုပ်ကွေးရောဂါကာကွယ်တားဆီးရေး အသိပညာပေးဟောပြောပွဲကို မေ၂၆ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးနိုင်က အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ဆွေဆွေဝင်းက ကမ္ဘာ့လူတုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တာဝန်ခံ ဒေါက်တာဒေါ်စိန်စိန်ကြီးက ဝက်တုပ်ကွေးရောဂါဖြစ်ပွားမှုနှင့် ကာကွယ်တားဆီးရမည့် အကြောင်းများကို ရှင်းလင်းဟောပြောကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး

ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်

နေပြည်တော် မေ ၂၇

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၅ရက် နံနက်ပိုင်းက နေပြည်တော်ရှိ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်၍ နိုင်ငံတော်၏ သား/ငါး ကဏ္ဍရည်မှန်းချက်နှင့် လုပ်ငန်းလျာထားချက်များ ပြည့်မီကျော်လွန်ရေးအခြေအနေများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာသန်းရွှေနှင့် အစာစပ်စက်ရုံ၊ မွေးမြူရေးဆေးဝါးထုတ်လုပ်ရေးစက်ရုံ အသားကဏ္ဍမွေးမြူထုတ်လုပ်ရေး ယူနစ်တာဝန်ခံများက ၂၀၀၈-၂၀၀၉ ခုနှစ် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၀၉-၂၀၁၀ခုနှစ် လုပ်ငန်းလျာထားချက်များ ပြည့်မီကျော်လွန်စေရေး အစီအစဉ်များကိုလည်းကောင်း၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်းက မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ပညာသင်ကြားမှုဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ ပုံလုပ်ငန်းဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်သန်းနှင့် ပြည်နယ်နှင့်တိုင်း ဦးစီးဌာနမှူးများက ပုံရည်နှင့်ပုံထွက်ပစ္စည်း ထုတ်လုပ်ဆောင်ရွက် နေမှုအခြေအနေများကိုလည်းကောင်း၊ ငါးလုပ်ငန်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးနှင့် ပြည်နယ်နှင့်တိုင်းဦးစီးဌာနမှူးများက ရေထွက်ပစ္စည်း ထုတ်လုပ်မှုလျာထားချက်ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်မှုနှင့် မွေးမြူရေးကဏ္ဍ တိုးမြှင့် ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျန်းမာရေးအသိပညာပေးဟောပြောပွဲ ရန်ကုန်တောင်ပိုင်းခရိုင်တွင် ကျင်းပ

ရန်ကုန် မေ ၂၇

ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက် ၉နာရီက သန်လျင်မြို့ရှိ ရှင်စောပုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြင်မြိုင်က အမှာစကားပြောကြားပြီး ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီမြင့်က ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ ဖြင့်၁၆စောင်ကို တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌထံ ပေးအပ်သည်။ ဆက်လက်၍ ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ကျင်းပရာ ခရိုင်ပြည်သူ့ဆေးရုံကြီးမှ ခရိုင်အထွေထွေရောဂါအထူးကုသမားတော်ကြီး ဒေါက်တာဒေါ်ဝင်းဝင်းဆွေက ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေးနှင့် ကမ္ဘာ့လူတုပ်ကွေး ရောဂါအကြောင်းများနှင့် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဦးငွေးမြင့်က A(H1N1) တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး **(အောက်ပုံ)**နှင့်စပ်လျဉ်း၍ သိကောင်းစရာများ အသိပညာပေး ဆွေးနွေးသည်။ **(ခရိုင် ပြန်/ဆက်)**

ယင်းမာပင်မြို့နယ် အင်းကျေးရွာအုပ်စုတွင် မြအင်းသာသမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး

ယင်းမာပင် မေ ၂၇

မုံရွာခရိုင် ယင်းမာပင်မြို့နယ် အင်းကျေးရွာအုပ်စု မြအင်းသာ လယ်ယာနှင့်အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်း၏ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ဒါရိုက်တာရွေးချယ်တင်မြှောက်ပွဲကို အင်းကျေးရွာ မူလတန်း ကျောင်းဆောင်အတွင်း၌ ဧပြီ ၂၆ရက် နံနက် ၉နာရီက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်သမဝါယမအသင်း ဦးစီးအရာရှိ ဒေါ်ဝင်းကြွေက အမှာစကားပြောကြားပြီး မြအင်းသာ သမဝါယမအသင်းဥက္ကဋ္ဌ ဦးမြင့်သန်းက အသင်း၏လုပ်ငန်းရပ်များကို ရှင်းလင်းတင်ပြကာ တက်ရောက်လာကြသည့် အသင်းသားများက အမှုဆောင်ဒါရိုက်တာ အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကြသည်။

ထို့နောက် မြအင်းသာအသင်းက ကျေးရွာစာသင်ကျောင်းအတွက် ငွေကျပ် ၂၈၇၀၀၀ ပေးအပ်လှူဒါန်းပြီး အသင်းသား ၅၇၄ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀နှုန်းဖြင့် ငွေကျပ် ၅၇၄၀၀၀ ပေးအပ်ချီးမြှင့်သည်။ **(မြို့နယ် ပြန်/ဆက်)**

နိုင်ငံတစ်ဝန်းလုံး၌ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများအားလုံးနီးပါး တည်ဆောက်ပြီးဖြစ် ၁၉၄၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ အတိတ်သမိုင်းဖြစ်ရပ်များကို မှန်မှန်ကန်ကန် ပြန်လည်သုံးသပ်

ပစ္စုပ္ပန်ကာလအတွင်း တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တစ်မျိုးသားလုံး ဖွံ့ဖြိုးတိုးတက်မှုကိုလေ့လာ ရရှိပြီးသား တည်ငြိမ်အေးချမ်းမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်မပျက်ဆက်လက်တိုးတက်ရေးထိန်းသိမ်း

နေပြည်တော် မေ ၂၇

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် မေ ၂၅ ရက် ညနေ ၄နာရီတွင် မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာရှိ အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲသို့ တက်ရောက်အားပေးကြရာ မန္တလေးတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သန်းထွန်း၊ ပုသိမ်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းလင်းနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းတို့က စာကြည့်တိုက်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် အလင်းရောင် စာကြည့်တိုက်သစ်အတွင်း ကြည့်ရှုစစ်ဆေးကြပြီး စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မာရှင်သန်ရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့်တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အုန်းချော၊ ငွေတောင်၊ ကျောက်မီး၊ လက်သစ်၊ ဘန့်ကွဲ၊ ဘန့်တင်၊ သလဲကုန်း၊ ဘိုတက်ကုန်း၊ သမ္မတော၊ ရွှေစာရံ၊ တောင်တံတိုင်းရှည်၊ မြောက်တံတိုင်းရှည်၊ အိုင်ကြီး၊ ရေကြည်၊ ရှင်တော်ကုန်း၊ ရန်ကင်းတောင်၊ ရေထွက်၊ မြို့မရပ်ကွက်၊ နန်းဦးလွင်၊ ကြူဝန်း၊ ဆည်တော် စသည့်ကျေးရွာအုပ်စု ၂၁အုပ်စု အတွင်းရှိ ကျေးရွာ ၅၀တို့မှ ဒေသခံပြည်သူ ၁၃၀၀၀ ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်တင်ငွေက အမှာစကားပြောကြားရာတွင် ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ လူ့ဘောင်အဖွဲ့အစည်းအဆင့်ဆင့်၏ လုပ်ငန်းကိစ္စအဝဝဖြစ်သည့် ကျန်းမာရေး၊ ပညာရေး၊ ကုန်ထုတ်လုပ်ရေး၊ စိုက်ပျိုးရေး စသည်တို့တွင် နည်းပညာများအသုံးချပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်အတွက် တိုင်းရင်းသားပြည်သူများအနေဖြင့် နည်းပညာ တတ်မြောက်ကျွမ်းကျင်ကာ လက်တွေ့အသုံးချနိုင်ရန်၊ အသိပညာဗဟုသုတကြွယ်ဝနေရန် လိုအပ်ကြောင်း၊ ဤလိုအပ်ချက်ကို စာကြည့်တိုက်များက ဖြည့်ဆည်းပေးမှာဖြစ်ကြောင်း။

မန္တလေးတိုင်းအတွင်း ကျေးရွာပေါင်း ၅၅၄၅ရွာ၌ စာကြည့်တိုက်ပေါင်း ၅၅၄၅ခု ဖွင့်လှစ်ပြီးစီးခဲ့ပြီး ဖြစ်ကြောင်း။

အမျိုးသားရေးတာဝန်

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲပြီး အမြဲရှင်သန်နေအောင် ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများ၊ ဌာနဆိုင်ရာများက အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူပြီး ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးက အမှာစကားပြောကြားရာတွင် ယနေ့ နိုင်ငံတစ်ဝန်းလုံး၌ တည်ငြိမ်အေးချမ်းမှုအပြည့်အဝရှိပြီး ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံလိုအပ်ချက်အားလုံးနီးပါး တည်ဆောက်အခြေတည်ပြီးဖြစ်ကြောင်း၊ တစ်နည်းအားဖြင့်ဆိုသော် နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းပေါ်တွင် ရောက်ရှိနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် ရရှိပြီးသား တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်မပျက် ဆက်လက်တိုးတက်အောင် ထိန်းသိမ်းတည်ဆောက်သွားကြရန်မှာ နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူတစ်ရပ်လုံး၏ တာဝန်ပင်ဖြစ်ကြောင်း၊ ဤသို့ ဆက်လက်ထိန်းသိမ်းတည်ဆောက်သွားကြရာတွင် ပြည်သူများအနေဖြင့် ခါးသီးစွာ ကြုံတွေ့ခံစားခဲ့ကြရသည့် ၁၉၄၈ခုနှစ်မှ ၁၉၈၈ခုနှစ်အထိ အတိတ်သမိုင်းဖြစ်ရပ်များအပေါ် မှန်မှန်ကန်ကန် ပြန်လည်သုံးသပ် သင်ခန်းစာရယူလျက် ၁၉၈၈ခုနှစ်မှ ယနေ့အထိ ပစ္စုပ္ပန်ကာလအတွင်း တိုင်းပြည် တည်ငြိမ်အေးချမ်းမှုနှင့် တစ်မျိုးသားလုံး ဖွံ့ဖြိုးတိုးတက်နေမှုအခြေအနေများကို လေ့လာပြီး အသိတရားနှင့်ယှဉ်ကာ သတိတရားနှင့်ပေါင်းစပ်၍ အနာဂတ်တွင် ပစ္စုပ္ပန်ကာလကဲ့သို့ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်မပျက် ဆက်လက်ရရှိရေးအတွက် အာမခံနိုင်သည့် အခြေအနေမျိုး ရရှိနိုင်အောင် စဉ်းစားဆင်ခြင်ဆောင်ရွက်သွားကြရန် အထူးအရေးကြီးကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေက စာကြည့်တိုက်အတွက် မျက်နှာကြက်ကျောက်ပြားများ၊ သတင်းစာနှင့် စာအုပ်၊ စာစောင်များကိုလည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များ၊ အုန်းချောကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များကိုလည်းကောင်း၊ မန္တလေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များကိုလည်းကောင်း၊ အုန်းချောကျေးရွာမှ အလှူရှင်များဖြစ်ကြသော ဦးသန်းထွန်း မိသားစုက ငွေကျပ် ၁၃၀၀၀၀ တန်ဖိုးရှိ ၂၁လက်မ ရောင်စုံ ရုပ်မြင်သံကြားစက်တစ်လုံး၊ အောင်သပြေဆီစက် မိသားစုက ငွေကျပ် ၈၅၀၀၀ တန်ဖိုးရှိ ဒီဗွီဒီစက်တစ်လုံး၊ ဦးနှင်းဝေ မိသားစုက ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ မျက်နှာကြက် ပန်ကာတစ်လုံး၊ ဦးဇင်မင်းသန့် မိသားစုက ငွေကျပ် ၁၄၀၀၀၀ တန်ဖိုးရှိ ဗီရိုတစ်လုံး၊ အလှူရှင်များ စုပေါင်းလှူဒါန်းသည့် အလှူငွေကျပ် ၅၀၀၀၀၀၊ ဦးစန္ဒိမာနဂဲကျောင်းတိုက်က ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ သုတ၊ ရသစာအုပ်များ၊ ဦးသောင်းဌေးလင်း မိသားစုက ငွေကျပ် ၂၀၀၀၀ တန်ဖိုးရှိ သုတ၊ ရသစာအုပ်များ၊ ဦးတင်ဝင်း မိသားစုက ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ သုတ၊ ရသ စာအုပ်များ၊ ဦးချစ်ဦး မိသားစုက ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ သုတ၊ ရသစာအုပ်များကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြပြီး ဒေသခံ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာတွင် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု ၂၁အုပ်စုအတွင်းရှိ ကျေးရွာ ၅၀တို့မှ ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာတွင် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု ၂၁အုပ်စုအတွင်းရှိ ကျေးရွာ ၅၀တို့မှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာရှိ အလင်းရောင်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြစဉ်။ (သတင်းစဉ်)

ကမ္ဘာတစ်ဝန်းတွင် A(H1N1) ရောဂါဖြစ်ပွားမှု မြင့်တက်လာကြောင်း နိုင်ငံအသီးသီးမှ ကျန်းမာရေးဌာနများက အတည်ပြုသတင်းထုတ်ပြန်

ပေကျင်း မေ ၂၇

A(H1N1) တုပ်ကွေးရောဂါသစ်အား ဆန့်ကျင်တိုက်ဖျက်ရာတွင် နိုးနိုးကြားကြားရှိကြစေရန် သက်ဆိုင်ရာအာဏာပိုင်များက တောင်းဆိုနေစဉ်မှာပင် ကမ္ဘာတစ်ဝန်း ယင်းရောဂါဖြစ်ပွားမှု မြင့်တက်လျက်ရှိကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

မက္ကဆီကိုနိုင်ငံအတွင်း A(H1N1) တုပ်ကွေးရောဂါကြောင့် သုံးဦးထပ်မံ သေဆုံးခဲ့ရာ ယခုအခါ ယင်းရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၈၃ဦး ရှိသွားပြီဖြစ်ကြောင်း၊ ယင်းရောဂါကူးစက်ခံရသူမှာလည်း ၄၅၄၁ဦး ရှိသွားပြီ ဖြစ်ကြောင်း မက္ကဆီကို ကျန်းမာရေးဝန်ကြီးဌာနက မေ ၂၅ရက်၌ အတည်ပြု သတင်းထုတ်ပြန်ခဲ့သည်။

ထိန်းချုပ်

အမေရိကန်နိုင်ငံတွင် ပြည်နယ် ၄၈ခု၌ A (H1N1)တုပ်ကွေးရောဂါကြောင့် ၁၀ဦးသေဆုံးပြီး လူပေါင်း ၆၇၆၄ဦးတွင် ယင်းရောဂါကူးစက်ဖြစ်ပွားခဲ့ကြောင်း အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာန(စီဒီစီ)က မေ ၂၅ရက်တွင် သတင်းထုတ်ပြန်သည်။

ပြီးခဲ့သည့် မေ ၂၂ရက်က ထုတ်ပြန်သော သတင်းအရ အမေရိကန်ပြည်နယ် ၄၈ခု၌ A (H1N1) တုပ်ကွေးရောဂါကြောင့် ကိုးဦးသေဆုံးပြီး ၆၅၅၂ဦး ယင်းရောဂါ ဖြစ်ပွားခဲ့သည်ဟု ဆိုသည်။

ကနေဒါနိုင်ငံတွင် A (H1N1) တုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် တစ်ဦးသေဆုံးပြီး ယင်းရောဂါကူးစက်ခံရသူဦးရေမှာ ၉၂၁ဦးရှိသွားပြီဖြစ်ကြောင်း ကနေဒါပြည်သူ့ ကျန်းမာရေးအေဂျင်စီက မေ ၂၅ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ ပြီးခဲ့သည့် မေ ၂၂ ရက်က စာရင်းဇယားနှင့်နှိုင်းယှဉ်လျှင် လွန်ခဲ့သောသုံးရက်အတွင်း ရောဂါဖြစ်ပွားသူ ၁၁၆ဦး တိုးလာကြောင်း သိရသည်။

ကူးစက်မှုခံစား

ချီလီတွင် ၈၂ဦး၊ ပီရူးတွင် ၂၇ဦး၊ အီကွေဒေါတွင် ၂၄ဦး၊ စပိန်တွင် ၁၃၆ဦး၊ ဗြိတိန်တွင် ၁၃၇ဦး၊ အီတလီနှင့်ပြင်သစ်တွင် ၁၉ဦးစီ၊ ဂျာမနီတွင် ၁၇ဦး အပါအဝင် ဥရောပသမဂ္ဂ(အီးယူ)နှင့် ဥရောပလွတ်လပ်စွာကုန်သွယ်ရေးအဖွဲ့ (အီးအက်ဖ်တီအေ) အဖွဲ့ဝင်နိုင်ငံများတွင် စုစုပေါင်း ၃၆၀၊ တောင်ကိုရီးယားတွင် ၂၃ဦး၊ တရုတ် ဟောင်ကောင်ဒေသတွင် ကိုးဦး၊ တရုတ်တွင် ၁၂ဦး ယင်းရောဂါကူးစက်မှု ခံစားခဲ့ကြရသည်။

(အင်တာနက်)

တရုတ်နိုင်ငံ အရှေ့ပိုင်း ကျိုကျန်းပြည်နယ် ကျင်စင်ဒေသတွင် ရိုးရာယဉ်ကျေးမှုပွဲတော်၌ နဂါးအကဖြင့် ဖျော်ဖြေတင်ဆက်နေသည်ကို မေ ၂၆ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အိုင်လာမုန်တိုင်းဝင်ရောက်တိုက်ခတ်မှု အိန္ဒိယနှင့်ဘင်္ဂလားဒေ့ရှ်၌ သေဆုံးသူ ၂၀၀ကျော်အထိရှိလာ

ဒါကာ မေ ၂၇

ဘင်္ဂလားဒေ့ရှ်တောင်ပိုင်း ကမ်းရိုးတန်းဒေသသို့ မေ ၂၅ ရက်က တစ်နာရီလျှင် ကီလိုမီတာ ၁၂၀နှုန်းဖြင့် အိုင်လာမုန်တိုင်းဝင်ရောက်တိုက်ခတ်ပြီးနောက် ရေလွှမ်းမှုဖြစ်ပေါ်ကာ**(အပေါ်ပုံ)** လူ၁၃၀ကျော်သေဆုံးခဲ့ပြီး ပျောက်ဆုံးနေသူများအား ကယ်ဆယ်ရေးလုပ်သားများက ကြိုးပမ်းရှာဖွေလျက်ရှိကြောင်း သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက မေ ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

အတည်ပြု

ယင်းမုန်တိုင်းကြောင့် ၁၃၀ကျော် သေဆုံးပြီး၊ ၈၀၀ ဒဏ်ရာရကာ ပြည်သူသန်း ၂၆၀မှာ မုန်တိုင်းဒဏ်ကို ခံစားခဲ့ရကြောင်း ဘင်္ဂလားဒေ့ရှ် အစားအစာနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဝန်ကြီးဌာနမှ အရာရှိများက အတည်ပြုသတင်းထုတ်ပြန်သည်။

ဆက်လက်ဖော်ပြ

အဆိုပါ မုန်တိုင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံအရှေ့ပိုင်းကို ဝင်ရောက်တိုက်ခတ်ခဲ့ရာ အိန္ဒိယတွင် ၇၀ကျော်နှင့် ဘင်္ဂလားဒေ့ရှ်တွင် ၁၃၀ ကျော်သေဆုံးခဲ့ပြီး ယနေ့အထိ သေဆုံးသူ ၂၀၀ ကျော်အထိ ရှိလာပြီဖြစ်ကြောင်း ယင်းသတင်း၌ ဆက်လက်ဖော်ပြသည်။ ၎င်းမုန်တိုင်းတိုက်ခတ်ပြီးနောက် ယနေ့အထိ လူ ၁၀၀ကျော် ပျောက်ဆုံးလျက်ရှိကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များ၏ ပြောကြားချက်ကို ကိုးကား၍ ပုဂ္ဂလိကသတင်းဌာနများက ဖော်ပြသည်။

(အင်တာနက်)

A(H1N1) တုပ်ကွေးဖြစ်ပွား၍ ချီကာဂိုမြို့၌ တစ်ဦးသေဆုံး

ချီကာဂို မေ ၂၇

အမေရိကန်ပြည်ထောင်စု အီလီနွိုက်ပြည်နယ် ချီကာဂိုမြို့တွင် နေထိုင်သူတစ်ဦး A(H1N1) တုပ်ကွေးရောဂါဖြစ်ပွားပြီး သေဆုံးကြောင်း အီလီနွိုက် ကျန်းမာရေးဌာနက မေ၂၅ရက်တွင် ဖော်ပြသည်။

ပြောကြား

တုပ်ကွေးရောဂါဖြစ်ပွားသူသည် ချီကာဂိုတွင် နေထိုင်သူဖြစ်ပြီး ယင်းရောဂါဖြင့် လွန်ခဲ့သည့်ရက်သတ္တပတ်က သေဆုံးခဲ့သည်ဟု အီလီနွိုက်ကျန်းမာရေးဌာန၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အဆက်အသွယ်ပြုလုပ်

အီလီနွိုက်ကျန်းမာရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက သေဆုံးသူ၏ မိသားစုနှင့် အဆက်အသွယ် ပြုလုပ်ထားရှိကြောင်း ထပ်လောင်းပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများ သဲကန္တာရများတွင် တည်ဆောက်မည်

ပါရီ မေ ၂၇

နေရောင်ခြည်တစ်စုတစ်စည်းတည်းဖြစ်စေရန် မှန်များအသုံးပြုသည့် နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံများ သဲကန္တာရများတွင် ဆောက်လုပ်မည်ဖြစ်ရာ ကမ္ဘာတစ်ဝန်း၏ လျှပ်စစ်ဓာတ်အားလိုအပ်မှု၏ လေးပုံတစ်ပုံကို ၂၀၅၀ပြည့်နှစ်တွင် အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း နေရောင်ခြည်စွမ်းအားထုတ်လုပ်ရေးအုပ်စု၏ အစီရင်ခံစာတွင် မေ၂၅ရက်က ဖော်ပြထားသည်။

တိုက်ဖျက်

ယင်းကဲ့သို့သော စက်ရုံများတည်ဆောက်မှုတွင် အကြီးစားရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရမည်ဖြစ်ပြီး အလုပ်အကိုင်များ ဖြစ်ထွန်းလာကာ ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်နိုင်စွမ်းရှိသည်ဟု ယင်းအစီရင်ခံစာတွင် ပါရှိသည်။

ဖော်ပြ

နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတည်ဆောက်မှုသည် အသစ်လဲလှယ်အသုံးပြုသည့်လောင်စာအတွက် အရေးပါသည်ဟု အစီရင်ခံစာပြုစုသူက ဖော်ပြသည်။ ယင်းထုတ်လုပ်မှုနည်းပညာသည် ဆာဟာရသဲကန္တာရနှင့် အရှေ့အလယ်ပိုင်းဒေသများကဲ့သို့ မိုးတိမ်မရှိ ပူလောင်သောနေရာများတွင် အသုံးပြုရန် သင့်တော်သည်ဟု သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ် ဗီအန်နာမြို့ရှိ ဂျီအမ် မော်တော်ကားစက်ရုံ၌ အရောင်း ကျဆင်းမှုကြောင့် ကားများ စုပြုံနေသည်ကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ကွမ်စီကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖန်ကျင်ကန်စီရင်စုရှိ ဟွန်ရှာကျေးရွာအနီးတောတွင်း၌ ရှားပါးမျိုးစိတ်သစ် ငှက်မောင်နှံကို မေ ၂၆ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

လွန်ခဲ့သည့်နှစ် ငါးသန်းခန့်က မျောက်မောင်းမရုပ်ကြွင်း ပီရူးတောင်ပိုင်းဒေသတွင် တူးဖော်ရရှိ

လီမာ မေ ၂၇

လွန်ခဲ့သည့်နှစ် ငါးသန်းခန့်က ရှင်သန်နေထိုင်ခဲ့သော မျောက်မောင်းမတစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုကို မပျက်မစီး ပီရူးနိုင်ငံတွင် တူးဖော်ရရှိခဲ့ကြောင်း ယင်းရုပ်ကြွင်းထက် နှစ်လေးသန်းခန့်စောသည့် အလားတူရုပ်ကြွင်းများကို အမေရိကတိုက်တွင် ယခင်က ရှာဖွေတွေ့ရှိခဲ့ဖူးကြောင်း သုတေသီများက ပြောကြားသည်။

ပီရူးတောင်ပိုင်းဒေသရှိ အက်စ်ပင်နာဒေသမှ အိမ်တစ်အိမ်၏ ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ ယင်းကျောက်ဖြစ်ရုပ်ကြွင်းအား တူးဖော်တွေ့ရှိခဲ့သည်။

တွေ့ရှိ

ယင်းနေရာအနီးတွင် ရှေးနှစ်ပေါင်းငါးသန်းမှ သင်းခွေချပ်ကဲ့သို့သော တိရစ္ဆာန်၏ အစိတ်အပိုင်း ကျောက်ဖြစ်ရုပ်ကြွင်းများကိုလည်း တွေ့ရှိခဲ့သည်။

ဆယ်ပေခန့်ရှည်သည့် အဆိုပါ မျောက်မောင်းမသည် အပင်စား တိရစ္ဆာန်မျိုးဖြစ်ကြောင်း ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင် ရိုဒိုဖိုဆာလာက ပြောကြားသည်။ မျောက်မောင်းမရုပ်ကြွင်းသည် အမေရိကဒေသတွင် ပထမဆုံးသော အကောင်းပတိ အရိုးစုတွေ့ရှိခဲ့ခြင်းဖြစ်သဖြင့် အရေးပါသည့် ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်သည်ဟု ဆာလာက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ကမ္ဘာ့လူဦးရေနေ့ ကျင်းပရေးကော်မတီစည်းဝေး ပိုစတာ၊ စာစီစာကုံး၊ ဓာတ်ပုံနှင့်ဆောင်းပါးပြိုင်ပွဲကျင်းပမည်

နေပြည်တော် မေ ၂၇

၂၀၀၉ခုနှစ် ဇူလိုင် ၁၁ရက်တွင် ကျရောက်မည့် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပရေးအတွက် ကမ္ဘာ့လူဦးရေနေ့ ကျင်းပရေးကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁နာရီက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အကြံပြုဆွေးနွေး

အစည်းအဝေးတွင် ကမ္ဘာ့လူဦးရေနေ့ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်သူ့အင်အား ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မြင့် က အဖွင့်အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** အစည်းအဝေးသို့ တက်ရောက်လာသည့် လူဦးရေဆိုင်ရာ လုပ်ငန်းများနှင့် ဆက်နွယ်သောဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြင့် ဆပ်ကော်မတီဝင်များကို ဖွဲ့စည်း၍ သက်ဆိုင်ရာ ဆပ်ကော်မတီအလိုက် ဆပ်ကော်မတီဝင်များက မိမိတို့ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ် လျာထားချက်များကို အကြံပြုဆွေးနွေးကြသည်။

ကျင်းပမည်

ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အဖြစ် ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ပြီး ယခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ "Protecting Marginalized Populations From The Global Economic Crisis" ကမ္ဘာ့စီးပွားအခက်ကာလ၊ မျိုးဆက်ပွားကျန်းမာရေး အလေးထားကြ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရွှေဇားတံတားနှင့် စာသင်ကျောင်း ဆောက်လုပ်ပြီးစီးမှု ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၇

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေသည် မေ၂၀ရက် ညနေပိုင်းက မောင်တောခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ မောင်တောခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး မောင်တောမြို့ရှိ ရွှေဇားတံတားကို ကြည့်ရှုစစ်ဆေးသည်။

ဆောက်လုပ်ပြီးစီးမှု

ဒုတိယဝန်ကြီးသည် မေ ၂၁ရက်က မောင်တောမြို့နယ်ခန်းမ၌ မြို့နယ်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအားတွေ့ဆုံ၍ လိုအပ်သည်များကိုမှာကြားပြီး အလယ်သံကျော်ကျေးရွာရှိ စာသင်ကျောင်းဆောက်လုပ်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် မေ၂၂ ရက်တွင် ဖုံညိုလိပ်ရွာ တွဲဖက်အထက်တန်းကျောင်း၊ ဒိုးတန်းကျေးရွာ မူလတန်းကျောင်း ပြင်ဆင်မွမ်းမံမှုနှင့် ငါးရုံချောင်းကျေးရွာ တိုက်နယ်ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဘူးသီးတောင်မြို့နယ် အစည်းအဝေးခန်းမ၌ မြို့နယ်နှင့်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံပြီး တင်ပြချက်များအပေါ်လိုအပ်သည်များညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနယူးစ်ဝိခ်ဂျာနယ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၂၇

“ကဏန်းနှင့်ငါးရှဉ့်များ တရားမဝင်လမ်းကြောင်းမှ ထွက်ရှိခြင်းကို ဖြေရှင်းနိုင်ရန် နည်းလမ်းရှာ” သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂) အမှတ်စဉ်(၇၈) ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

ယခုအပတ်ဖြန့်ချိလိုက်သည့် မြန်မာနယူးစ် ဝိခ်ဂျာနယ်တွင် ရန်ကုန်မျက်မမြင်ပညာရေးစင်တာမှ လင်းလက်လာသည့် ကြယ်ပွင့်ကလေးများ၊ နုန်းပို့မှု ဖြစ်စဉ်ကြောင့် ဧရာဝတီမြစ်တွင် မြစ်ဝကျွန်းပေါ် ဇရိယာပမာဏကျယ်ပြန့်လာ၊ နေပြည်တော် ပျဉ်းမနားဘူတာ အမြန်ရထားတွဲဆိုင်းပေါ်၌ ချိန်ကိုက်မိုင်းတစ်လုံးတွေ့ရှိ၊ စစ်တွေတွင်ရှားပါးသော ကျီးကန်းဖြူတစ်ကောင်ဖမ်းဆီးရမိ၊ ရေထွက်ကုန်ပစ္စည်းများအား တရားမဝင်တင်ပို့မှုကို ပြည်တွင်းလေဆိပ်၌ ရှောင်တခင်စစ်ဆေး၊ ဓားဖြင့်ထောက်ပြီး ရွှေဆွဲကြိုးအား ဆွဲဖြုတ်လုယက်ပြီး နှစ်ဦးစလုံး ရေမြောင်းထဲသို့ပြုတ်ကျ၊ နိုင်လွန်ကြိုးအား နှစ်ပင်လိမ်၍ လူတစ်ဦး ကြိုးဆွဲချသေဆုံး၊ လာဘ်စားမှုဖြင့် တရားစွဲ ခံရသည်ကို အရှက်နှင့်အသက် လဲပြလိုက်သည့် တောင်ကိုရီးယား သမ္မတဟောင်းရဲ့ ဇာတ်သိမ်း၊ ပြည်တွင်းပလက်တီနန်ဈေးငြိမ်၊ မတ်လတစ်လတည်းတွင် ဆန်တန်ချိန် ၂၅၇၀၀၀ကျော် သဘောင်္တင်နိုင်ခဲ့၊ အနုပညာကြောင့် ပျော်ရွှင်မှုတွေရနေပါတယ်ဆိုတဲ့ မေသက်ခိုင်၊ ဂျပန်နိုင်ငံလုပ်ယာဉ်အပိုပစ္စည်းများ ရသလောက်ဝယ်ယူလာခဲ့ကြ၊ EU က လက်ခံလာအောင်ငါးလုပ်ငန်းအဖွဲ့ချုပ်မှ IUU Certificate ထုတ်ပေးတော့မည်၊ ကမ္ဘာကသိတဲ့ IRON CROSS၊ မြို့ပြအင်္ဂါရပ်နှင့် မညီညွတ်သော မြေအစိတ်အပိုင်းအတွက် ဂရန်ထုတ်ပေးမည်မဟုတ်၊ အသုံးများကျယ်ပြန့်လာနေသည့် စမတ်ဖုန်း၊ မျှင်ငါးပိထုတ်လုပ်သူများ ဆားဈေး အခြေအနေစောင့်ကြည့်၊ တုနှိုင်းမဲ့ မိုးကုတ်ထွက်ခိုသွေးရောင်ပတ္တမြား ကမ္ဘာ့ဈေးကွက်တွင် ပန်းပန်လျက်ရှိနေဆဲ၊ စားအုန်းဆီဝယ်လိုအား ၂၅ရာခိုင်နှုန်းလျော့၊ စင်ကာပူတက္ကသိုလ်ပါမောက္ခနှင့်ကျောင်းသားတို့ ရုံးခန်း၌ ဓားနှင့်ထိုးမှု၊ မိမိရင်သွေးနှစ်ဦးကို အဆိပ်ခတ်လို့ ထောင်ဒဏ်နှစ် ၁၀၀ကျသွားတဲ့ ဖခင်ဆိုး၊ ရေဒီယိုလက်ဝယ်ရှိပြီး လိုင်စင်မရှိသူများ ကြိုးမဲ့ကြေးနန်းဥပဒေအရ အရေးယူခံရနိုင်၊ ဈေးလျှော့တယ်ပြောပြီး In-stallဖိုးတွေပေါင်းယူတဲ့ ကွန်ပျူတာကုမ္ပဏီများရှိ၊ အစ္စရေးစစ်ရေးလေ့ကျင့်မှုက အီရန်နှင့်ထိပ်တိုက်တွေ့ဆုံမှုကို မီးထိုးပေးနေ၊ ၁၁ရက်တည်းနှင့် အစ္စရေးကို ဖျောက်ဖျက်နိုင်သည်ဟု အီရန်ဗိုလ်ချုပ်တစ်ဦးပြော၊ အစ္စရေးမှ ဟစ်ဖ်ဘိုလာခေါင်းဆောင် နာဆရာလာအား လုပ်ကြံသတ်ဖြတ်ရန်ကြံစည် စသည့် နောက်ဆုံးရ ပြည်တွင်း ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိသည်ဟု သိရသည်။ **(သတင်းစဉ်)**

ပလိပ်စက္ကူစက်ရုံနှင့် ပလိပ်ချည်မျှင်နှင့်အထည်စက်ရုံ စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၇

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မေ ၂၂ရက် မွန်းလွဲပိုင်းက မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း အမှတ်(၃) ပလိပ်စက္ကူစက်ရုံသို့ရောက်ရှိပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေး၍ ကုန်ထုတ်လုပ်မှု ရည်မှန်းချက် ပြည့်မီအောင် တိုးတက်ထုတ်လုပ်ကြရေး တာဝန်ရှိသူတို့အား မှာကြားသည်။

တိုးချဲ့ထုတ်လုပ်

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့အထည်အလိပ်လုပ်ငန်း ပလိပ်ချည်မျှင်နှင့်အထည်စက်ရုံသို့ရောက်ရှိပြီး ဝါဖန်စက် နှစ်လုံး စက်ပစ္စည်းများတပ်ဆင်မှု၊ အသစ်လဲလှယ်တပ်ဆင်သော ဗိုင်းတောင့်စက် ၁၂လုံးနှင့် ချည်ငင်စက် ၄၂လုံး ပြောင်းလဲတပ်ဆင်မှု၊ စက်ရုံထုတ်ပွင့်ရိုက်အထည်များနှင့် ဆေးဆိုးပန်းရိုက်အထည်များကို ကြည့်ရှုစစ်ဆေး၍ ဆေးရောင်ခိုင်ခံ့သပ်ရပ်လှပသော ထုတ်ကုန်ပစ္စည်းများ အဖြစ် ပိုမိုတိုးချဲ့ထုတ်လုပ်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စိုက်စရိတ်နှင့်သွင်းအားစုပံ့ပိုးပစ္စည်းများ စတုတ္ထအကြိမ်ပေးအပ်ပွဲ အခမ်းအနား ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း တက်ရောက်

နေပြည်တော် မေ ၂၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းသည် မေ ၂၄ရက် နံနက်ပိုင်းက ဧရာဝတီတိုင်း ဓနုဖြူမြို့သို့ရောက်ရှိပြီး ဓနုဖြူမြို့နယ် ဆန်စပါး အထူးပြုကုမ္ပဏီဖြစ်သော ကန္တနကျွန်းသာကုမ္ပဏီလီမိတက်က တောင်သူလယ်သမားများအား စိုက်စရိတ်နှင့် သွင်းအားစုပံ့ပိုးပစ္စည်းများ စတုတ္ထအကြိမ်ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ကန္တနကျွန်းသာကုမ္ပဏီ အမှုဆောင်ဒါရိုက်တာ ဦးကျော်ကျော်ဝင်းက ကုမ္ပဏီဖွဲ့စည်းဆောင်ရွက်မှုနှင့် တောင်သူလယ်သမားများသို့ စိုက်စရိတ်နှင့် စပါးမျိုး၊ ဓာတ်မြေဩဇာနှင့် စက်သုံးဆီ ပံ့ပိုးပစ္စည်း ဖြန့်ဖြူးပေးနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒေသခံတောင်သူတစ်ဦးက သိလိုသည်များကို မေးမြန်းသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကန္တနကျွန်းသာကုမ္ပဏီ အမှုဆောင်ဒါရိုက်တာ ဦးကျော်ကျော်ဝင်းက ဓနုဖြူမြို့ အထက်တန်းကျောင်းအတွက် အလှူငွေကျပ်သိန်း ၂၀ ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ကန္တနကျွန်းသာကုမ္ပဏီက ဓနုဖြူမြို့နယ် ကျောင်းစုတိုက်နယ်၊ အကျော်တိုက်နယ်၊ စံကင်းတိုက်နယ်၊ ဆကာကြီးတိုက်နယ်တို့မှ တောင်သူလယ်သမား ၁၀၉၃ဦးတို့အား စိုက်ပျိုးစရိတ်ငွေ၊ ဓာတ်မြေဩဇာနှင့် စက်သုံးဆီထုတ်ပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၂၅ရက်က ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းဘေးဝဲယာ ရေစီးရေလာကောင်းမွန်စေရန် ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်အတွက် အရှေ့မြို့ပတ်လမ်း ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းအား အငယ်တန်းအင်ဂျင်နီယာ(၃) ဦးအေးချမ်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးတင်မြင့် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော မြကန်သာပတ်လမ်း အုတ်စီခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ (၂)ဒေါ်နီနီအောင် တာဝန်ယူဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် အင်ဂျင်နီယာမှူး ဦးသိန်းဇော်တို့ ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

ပျဉ်းမနားစည်ပင် မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ပေး

ပျဉ်းမနား မေ ၂၇

ပျဉ်းမနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့သန့်ရှင်းသာယာရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မေ ၁၅ရက်က မြို့တွင်းအဓိက အချက်အချာ လမ်းမကြီးဘေးဝဲယာတစ်လျှောက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ သန့်ရှင်းရေးဝန်ထမ်းများဖြင့် အထူးသန့်ရှင်းရေးဆောင်ရွက်နေမှုကို ဒုတိယဦးစီးမှူး(သန့်) ဦးသိုက်ဦးဝင်းက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

တမူးခရိုင် ပြန်/ဆက် ဝန်ထမ်းများ စာဖတ်ဝိုင်းဆွေးနွေး

တမူး မေ ၂၇

တမူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးဝန်ထမ်းများသည် စာဖတ်ဝိုင်းကို ဧပြီ ၃၀ရက် မွန်းလွဲ ၂နာရီက ရုံးစာကြည့်တိုက်ခန်းမ၌ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးမနားထန်းက ဆွေးနွေးရှင်းလင်းပြီး မတ် ၁၅ရက်ထုတ် ဒို့ကျေးရွာဂျာနယ် အတွဲ(၆) အမှတ် (၆)၌ ပါရှိသော ဆောင်းပါးရှင် ထွန်းလင်းလတ်၏ အမျိုးသားရေးတာဝန်ကျေပွန်ကြစို့ ဆောင်းပါးကို အငယ်တန်းစာရေး ဒေါ်ခင်ရွှေသန်းနှင့် လုပ်သားရုပ်/သံ ဒေါ်ခင်မျိုးနွယ်တို့က ဖတ်ကြားဆွေးနွေးသည်။ (ခရိုင် ပြန်/ဆက်)

ဆီဆိုင်၌ ပညာအလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ဆီဆိုင် မေ ၂၇

ဆီဆိုင်မြို့နယ် ပင်စုံကျေးရွာအုပ်စု ထီလိုက်ပေးရွာ ပညာအလင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို မေ ၂၄ရက် နံနက် ၉နာရီက အဆိုပါ အဆောက်အအုံသစ်၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဒုတိယရဲမှူးလှကြွယ်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးနေမျိုးသူရိန်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးခွန်ချစ်ဟန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အမေရိကန်နိုင်ငံသား Mr. John William Yettaw၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့အပေါ်

စွဲဆိုထားသည့်အမှုများ အငြှမနေ့အဖြစ် ဆက်လက်စစ်ဆေးကြားနာ

နေပြည်တော် မေ ၂၇

အမေရိကန်နိုင်ငံသား Mr. John William Yettaw၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့အပေါ် စွဲဆိုထားသည့် အမှုများကို ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးက ယနေ့ အငြှမနေ့အဖြစ် နံနက် ၁၀နာရီတွင် စတင်ရုံးထိုင်ကာ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၇/၂၀၀၉ မှ တရားခံ ဒေါ်ခင်ခင်ဝင်းကို စစ်ဆေးသည်။

ဒေါ်ခင်ခင်ဝင်းက မိမိ၏ ဆန္ဒအလျောက် တရားခံအဖြစ် အစစ်ခံထွက်ဆိုသည်။ ဒေါ်ခင်ခင်ဝင်းက တရားရုံး၏ မေးမြန်းချက်များအပေါ် အောက်ပါအတိုင်း ဖြေကြားထွက်ဆိုသည်-

မေး - ဒေါ်ခင်ခင်ဝင်းသည် ရုံးရှေ့ရှိ ဒေါ်အောင်ဆန်းစုကြည်၏ အိမ်တွင် ၄င်းနှင့်အတူနေထိုင်သည်မှာ ဘယ်လောက်ကြာခဲ့ပြီလဲ။

ဖြေ - (၆)နှစ် ကြာခဲ့ပြီဖြစ်ပါသည်။

မေး - ဒေါ်အောင်ဆန်းစုကြည်နှင့် ၄င်း၏ နေအိမ်ခြံဝင်းကို ကန့်သတ်မိန့်၊ တားဆီးမိန့်နှင့် ဆက်လက်တားဆီးမိန့်များ ထုတ်ပြန်ထားတာ မှန်ပါသလား။

ဖြေ - အဲဒီကိစ္စ ကျွန်မ မသိပါ။ မထွက်ရတာကိုပဲ သိပါသည်။

မေး - ဒေါ်ခင်ခင်ဝင်းတို့အနေဖြင့် ပြင်ပသို့မထွက်ရပဲ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဝင်းအတွင်း၌ ၄င်းကဲ့သို့ပင် နေထိုင်ရပါသလား။

ဖြေ - ကျွန်မ ထွက်ချင်လျှင် ထွက်လို့ရသည်ဟု ပြောပါသည်။

မေး - နေထိုင်ခဲ့သည့် (၆)နှစ်တာ ကာလအတွင်း မိမိသဘောနှင့် ဘယ်နှကြိမ် ထွက်ဖူးပါသလဲ။

ဖြေ - ကျွန်မသဘောနှင့် ကျွန်မတော့ မထွက်ပါ။ သတင်းပို့၍ ယဉ်ကျေးမှုအရ အသိပေးပြီး ထွက်ပါသည်။

မေး - ဒေါ်အောင်ဆန်းစုကြည်၏ အိမ်သို့ ၂၀၀၈ခုနှစ် နိုဝင်ဘာ ၃၀ရက် ညက မည်ကဲ့သို့ အချက်ပေးပြီး Mr. John William Yettaw ဝင်ရောက်လာပါသလဲ။

ဖြေ - ကျွန်မ အိမ်ထဲမှ လှမ်း၍ မြင်ခြင်းဖြစ်ပါသည်။ မှောင်နေ၍ မည်သူမှန်း မသိပါ။

မေး - Mr. John William Yettaw သည် မည်သည့် ပစ္စည်းကို ဒေါ်ခင်ခင်ဝင်းတို့ အိမ်၌ ထားခဲ့ပါသလဲ။

ဖြေ - ကျွန်မ ချက်ချင်းတော့ မသိပါ။ ရက်တော်တော်ကြာမှ သန့်ရှင်းရေးလုပ်ရင်း တွေ့ခြင်းဖြစ်ပါသည်။

မေး - ဒေါ်ခင်ခင်ဝင်းတို့နေသည့်အိမ်ကို မေ ၃ရက် ညဘယ်အချိန် Mr. John William Yettaw ရောက်ရှိလာပါသလဲ။

ဖြေ - မေ ၄ရက် နံနက် ၃နာရီခွဲ အချိန်ခန့်တွင် လူတစ်ယောက်ညည်းသံကြားပါသည်။

မေး - Mr. John William Yettaw သည် မည်ကဲ့သို့သော နည်းဖြင့် ဆက်သွယ်ပြီး ဒေါ်ခင်ခင်ဝင်းတို့ နေထိုင်သည့် အိမ်အတွင်း ဝင်ရောက်လာပါသလဲ။

ဖြေ - အပြင်တွင် လူတစ်ယောက် တုံးလုံးကြီးလဲနေ၍ အစ်မထံ ကျွန်မ သတင်းပေးပါသည်။ မိုးလင်းသည့်အခါမှ အိမ်ထဲသို့ ဝင်ခွင့်ပြုပြီး ခိုလှုံခွင့်ပေးခြင်း ဖြစ်ပါသည်။

မေး - Mr. John William Yettaw သည် ဘယ်နှရက် ဒေါ်ခင်ခင်ဝင်းတို့ အိမ်၌ နေထိုင်သွားပါသလဲ။

ဖြေ - မေ ၅ရက် ည ၁၂နာရီမထိုးမီ ပြန်သွားခြင်းဖြစ်ပါသည်။

မေး - ဒေါ်ခင်ခင်ဝင်းတို့ နေထိုင်သည့်အိမ်မှ ပြန်ထွက်သွားသူ Mr.John William Yettaw သည် ဘယ်လမ်းကနေ ပြန်သွားပါသလဲ။

ဖြေ - ကန်ဘက်ကို သွားသည်ကိုသာ မြင်လိုက်ပါသည်။ ဘယ်လမ်းကနေ ပြန်သည်ကိုတော့ ကျွန်မ မသိပါ။

မေး - ဒေါ်ခင်ခင်ဝင်းတို့အနေဖြင့် နေထိုင်၊ စားသောက်၊ စကားပြောဆိုရန် Mr. John William Yettaw အား မည်ကဲ့သို့ စီစဉ်ပေးပါသလဲ။

ဖြေ - ကျွန်မ အင်္ဂလိပ်စကား မတတ်ပါ။ စကားပြောစရာလည်း မရှိပါ။ အစားအစာကိုတော့ အစ်မကပြောလျှင် သွား၍ချပေးပါသည်။ နေထိုင်စရာနှင့် အိပ်ဖို့နေရာကိုတော့ ကျွန်မတို့ကပဲ စီစဉ် နေရာချပေးပါသည်။

မေး - Mr. John William Yettaw ၏ သမီးက ပေးလိုက်တယ်ဆိုသည့် စာတွေကို ဒေါ်အောင်ဆန်းစုကြည်အား ဒေါ်ခင်ခင်ဝင်းမှ တစ်ဆင့် ပေးခဲ့ပါသလား။

ဖြေ - မဟုတ်ပါ။

မေး - မည်ကဲ့သို့ အဆိုပါစာများကို ပေးခဲ့ပါသလဲ။

ဖြေ - ကျွန်မ မသိပါ။

မေး - Mr. John William Yettaw သည် မည်သည့် ပစ္စည်းများကို ဒေါ်ခင်ခင်ဝင်းတို့အိမ်၌ ထားခဲ့ပါသလဲ။

ဖြေ - ထားပစ်ခဲ့သော ပစ္စည်းများမဟုတ်ပါ။ ကျန်ရစ်ခဲ့သောပစ္စည်းများကို ရဲထံ ပေးအပ်လိုက်ပါသည်။

မေး - Mr. John William Yettaw က နောက်ထပ်လာဦးမည်လို့ ပြောသွားပါသေးသလား။

ဖြေ - ကျွန်မ မသိပါ။

မေး - ဒေါ်ခင်ခင်ဝင်းနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ အိမ်အတွင်းသို့ ဝင်ရောက်ရန် အတွင်းမှ တံခါးဖွင့်မပေးဘဲ ဝင်ရောက်နိုင်ပါသလား။

ဖြေ - တံခါးဖွင့်မှသာ ဝင်ရောက်နိုင်မည် ဖြစ်ပါသည်။

မေး - ဒေါ်ခင်ခင်ဝင်းသည် အငြိမ်းစား အလယ်တန်းပြဆရာမတစ်ဦး ဖြစ်တယ်ဆိုတာ ဟုတ်ပါသလား။

ဖြေ - မဟုတ်ပါ။ အငြိမ်းစား မူလတန်းပြကျောင်းဆရာမ ဖြစ်ပါသည်။

မေး - ဒေါ်ခင်ခင်ဝင်းကိုယ်တိုင် ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေး၊ လူမှုရေးကိစ္စများအတွက် သက်ဆိုင်ရာတာဝန်ရှိသူထံ ဆက်သွယ်သတင်းပို့ ဆောင်ရွက်ပေးရသူဖြစ်သည်ဆိုတာ ဟုတ်ပါသလား။

ဖြေ - ဟုတ်ပါသည်။

မေး - Mr. John William Yettaw ဒုတိယအကြိမ် လာရောက်ခြင်းသည် ပထမအကြိမ်ကပင် အဆက်အသွယ်ရှိခဲ့ပြီးဖြစ်၍ လာရောက်ခြင်းဖြစ်သည် မဟုတ်လား။

ဖြေ - Mr. John William Yettaw ကို ပထမတစ်ခေါက်က မသိပါ။ ဒုတိယအခေါက်ရောက်မှသာ အရင်တစ်ခါလာတာ "သူ" ဆိုတာကို သိရခြင်းဖြစ်ပါသည်။

ယင်းနောက် တရားခံမဝင်းမမ(ခ)အငယ်လေးကလည်း မိမိ၏ ဆန္ဒအလျောက် တရားခံအဖြစ် အစစ်ခံလိုကြောင်း တင်ပြကာ တရားခံအဖြစ် အစစ်ခံသည်။

မဝင်းမမ(ခ)အငယ်လေးက တရားရုံး၏ မေးမြန်းသည့်မေးခွန်းများကို အောက်ပါအတိုင်း ဖြေကြားထွက်ဆိုသည်-

မေး - မဝင်းမမ(ခ)အငယ်လေးသည် ရုံးရှေ့ရှိ ဒေါ်အောင်ဆန်းစုကြည်၏ အိမ်တွင် ၄င်းနှင့်အတူ အမြဲတစေ နေထိုင်ပါသလား။

ဖြေ - နေထိုင်သည်မှာ (၄)နှစ်ရှိပြီဖြစ်ပါသည်။

မေး - ဒေါ်အောင်ဆန်းစုကြည်နှင့် ၄င်း၏ နေအိမ်ခြံဝင်းကို ကန့်သတ်မိန့်၊ တားဆီးမိန့်နှင့် ဆက်လက်တားဆီးမိန့်များ ထုတ်ပြန်ထားတာ မှန်ပါသလား။

ဖြေ - ကျွန်မ မသိပါ။

မေး - နေထိုင်ခဲ့သည့်ကာလအတွင်း မိမိသဘောနှင့်မိမိ ဘယ်နှကြိမ် ထွက်ခဲ့ဖူးပါသလဲ။

ဖြေ - မထွက်ခဲ့ဖူးပါ။

မေး - ဒေါ်အောင်ဆန်းစုကြည်၏ အိမ်သို့ ၂၀၀၈ခုနှစ် နိုဝင်ဘာ ၃၀ရက်ညက မည်ကဲ့သို့ အချက်ပေးပြီး Mr. John William Yettaw ဝင်ရောက်လာပါသလဲ။

ဖြေ - ကျွန်မ မသိပါ။

မေး - Mr. John William Yettaw သည် မည်သည့်ပစ္စည်းကို မဝင်းမမ(ခ)အငယ်လေးတို့ နေထိုင်သည့်အိမ်၌ ထားခဲ့ပါသလဲ။

ဖြေ - ကျွန်မ မသိပါ။

မေး - မဝင်းမမ(ခ)အငယ်လေးတို့ နေသည့်အိမ်ကို မေ ၃ရက် ညဘယ်အချိန် Mr. John William Yettaw ရောက်ရှိလာပါသလဲ။

ဖြေ - နံနက်အစောပိုင်းတွင် ညည်းသံကြား၍ အပြင်သို့ မထွက်ပါ။ မိုးလင်းမှသာ Mr. John William Yettaw အိမ်ထဲသို့ ရောက်လာခြင်းဖြစ်ပါသည်။

မေး - မဝင်းမမ (ခ) အငယ်လေးတို့အနေဖြင့် မည်သည့်အကြောင်းကြောင့် Mr. John William Yettaw အား ဝင်ခွင့်ပြုခဲ့ပါသလဲ။

ဖြေ - ကျွန်မ မသိပါ။

မေး - Mr. John William Yettaw သည် ဘယ်နှရက်ကြာသည်အထိ မဝင်းမမ(ခ)အငယ်လေးတို့ အိမ်၌ နေထိုင်သွားပါသလဲ။

ဖြေ - မေ ၅ရက် ည ၁၂နာရီ ဝန်းကျင်ခန့်တွင် ပြန်သွားပါသည်။

မေး - Mr. John William Yettaw သည် မည်သည့်လမ်းကနေ ပြန်သွားပါသလဲ။

ဖြေ - ကန်ဘက်ကိုပဲ သွားတာ သိပါသည်။ ဘယ်လမ်းက ပြန်သွားသည်ကိုတော့ မသိပါ။

မေး - Mr. John William Yettaw စားသောက်နေထိုင်နိုင်ရန်အတွက် မဝင်းမမ (ခ) အငယ်လေးတို့က မည်ကဲ့သို့ စီစဉ် ဆောင်ရွက်ပေးရပါသလဲ။

ဖြေ - ထမင်းကျွေးချိန်တန်လျှင် ကျွေးပါသည်။ နေထိုင်စရာပေးသည်ကိုတော့ လူကြီးတွေ စီစဉ်တာဖြစ်၍ ကျွန်မ မသိပါ။

မေး - Mr. John William Yettaw သည် ၄င်း၏သမီးက ပေးလိုက်သည်ဆိုသည့် စာတွေကို မဝင်းမမ(ခ)အငယ်လေးကနေတစ်ဆင့် ဒေါ်အောင်ဆန်းစုကြည်အား ပေးခဲ့ပါသလား။

ဖြေ - ကျွန်မ မသိပါ။ ရဲက လာသိမ်းသည့်အခါမှ ကျွန်မ ထုတ်ပေးလိုက်ပါသည်။

မေး - Mr. John William Yettaw သည် မည်သည့်ပစ္စည်းများကို မဝင်းမမ(ခ) အငယ်လေးတို့အိမ်၌ ထားခဲ့ပါသလဲ။

ဖြေ - ထားပစ်ခဲ့ခြင်း မဟုတ်ပါ။ ကျန်ရစ်ခဲ့ခြင်းသာ ဖြစ်ပါသည်။

မေး - Mr. John William Yettaw က နောက်ထပ် လာဦးမည်လို့ ဒေါ်အောင်ဆန်းစုကြည်အား ပြောသွားပါသေးသလား။

ဖြေ - ကျွန်မ မသိပါ။

မေး - မဝင်းမမ(ခ)အငယ်လေးနှင့်ဒေါ်အောင်ဆန်းစုကြည်တို့ အိမ်အတွင်းသို့ ဝင်ရောက်ရန် အတွင်းမှတံခါးဖွင့်မပေးဘဲ ဝင်ရောက်နိုင်ပါသလား။

ဖြေ - တံခါးဖွင့်ပေးမှသာ ဝင်ရောက်နိုင်မည်ဖြစ်ပါသည်။

မေး - မဝင်းမမ(ခ) အငယ်လေးအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေး၊ လူမှုရေးကိစ္စများအတွက် သက်ဆိုင်ရာတာဝန်ရှိသူများထံ ဆက်သွယ် သတင်းပို့ ဆောင်ရွက်ပေးရသူ ဖြစ်ပါသလား။

ဖြေ - ထိုသို့ ဆောင်ရွက်ပေးရခြင်း မရှိပါ။

မေး - Mr. John William Yettaw သည် ဒုတိယအကြိမ် လာရောက်ခြင်းမှာ ပထမအကြိမ်ကပင် အဆက်အသွယ်ရှိခဲ့ပြီးဖြစ်၍ လာရောက်ခြင်း ဖြစ်သည်ဆိုလျှင် -

ဖြေ - ကျွန်မ မသိပါ။

မေး - Mr. John William Yettaw သည် နောက်တစ်ကြိမ် လာရောက်ရန်အတွက် ၄င်း၏ အဝတ်အစား၊ အသုံးအဆောင် ပစ္စည်းများကို ဒေါ်အောင်ဆန်းစုကြည်၏ အိမ်၌ ထားခဲ့ပါသလား။

ဖြေ - ကျွန်မ မသိပါ။

မေး - မဝင်းမမ(ခ)အငယ်လေးတို့အနေဖြင့် နေအိမ်အတွင်း၌ ဓာတ်ပုံများ ရိုက်ခြင်း၊ စကားပြောမှတ်တမ်းတင်ခြင်းတို့ကို Mr. John William Yettaw ပြုလုပ်နေခြင်းကို တားဆီးခဲ့ပါသလား။

ဖြေ - ကျွန်မ မသိပါ။

မေး - မဝင်းမမ(ခ) အငယ်လေးနှင့် မိခင်ဖြစ်သူ ဒေါ်ခင်ခင်ဝင်းတို့၏ ပံ့ပိုးကူညီမှုများ မရရှိခဲ့ပါက ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် နိုင်ငံခြားသားတစ်ဦးအား နေအိမ်၌ လက်ခံနိုင်မည်လား။

ဖြေ - ကျွန်မ မသိပါ။

မေး - မဝင်းမမ(ခ) အငယ်လေးတို့အနေဖြင့် နေအိမ်သို့ ရောက်ရှိလာသူ Mr. John William Yettaw အား နေရာချပေးခြင်း၊ စားသောက်စရာပေးခြင်းများကိုရော ပြုလုပ်ခဲ့ရပါသလား။

ဖြေ - အန်တီဒေါ်အောင်ဆန်းစုကြည် ခိုင်းသည့်အတိုင်း ဆောင်ရွက်ပေးရပါသည်။

ထို့နောက် တရားခံ Mr. John William Yettaw ကို ဆက်လက်စစ်ဆေးသည်။ Mr. John William Yettaw က ရုံးရှေ့တွင် ကျမ်းသစ္စာ ကျိန်ဆိုပြီး ကိုယ်တိုင် သက်သေအဖြစ် အစစ်ခံသည်။

Mr. John William Yettaw က ထွက်ဆိုရာတွင် မိမိသည် ရန်ကုန်မြို့သို့ နှစ်ကြိမ် ရောက်ဖူးကြောင်း၊ ၂၀၀၈ခုနှစ် နိုဝင်ဘာ ၇ရက်က ပထမအကြိမ် လာရောက်ခဲ့ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဝင်းအတွင်းသို့ ပထမအကြိမ်ရောက်ရှိသည်မှာ ၂၀၀၈ခုနှစ် နိုဝင်ဘာ ၃၀ရက်ကဖြစ်ကြောင်း၊ အချိန်မှာ ည ၁၁နာရီခန့် ရှိပြီဖြစ်ကြောင်း၊ အိမ်အတွင်းသို့ မရောက်ရှိဘဲ ခြံဝင်းအတွင်းသို့သာ ဝင်ရောက်ခဲ့ပြီး နောက်ဖေးဘက်တွင် Book of Mormon စာအုပ်ကို ထားခဲ့ကြောင်း၊ ပထမအကြိမ် ဝင်ရောက်ခဲ့စဉ်က ရေမြောင်းထဲကဖြတ်၍ လျှောက်သွားပြီးနောက် အင်းလျားကန်စောင်းမှ လမ်းလျှောက်ခဲ့ကြောင်း၊ ထို့နောက် ခြံစည်းရိုးကိုကျော်ပြီး ဝင်ခဲ့ကြောင်း၊ မိမိသည် မေ ၂ရက်တွင် ရန်ကုန်မြို့သို့ ထပ်မံရောက်ရှိခဲ့ကြောင်း၊မေ ၃ရက် နံနက် ၄နာရီခန့်တွင် ဒေါ်အောင်ဆန်းစုကြည် နေအိမ်ဝင်းအတွင်း ရောက်ရှိခဲ့ကြောင်း၊ မိမိ၏ ခြေထောက်နှစ်ဖက်စလုံး ကြွက်တက်နေပြီး အလွန်မောပန်းနွမ်းနယ်နေသည့်အတွက် နေအိမ်နောက်ဖေးပေါက်အနီးတွင် မိမိ လဲလျောင်းနေခဲ့ကြောင်း၊ နောက်ဖေးတံခါးကို သော့ခတ်ထားခြင်းမရှိ၍ မိမိ အလွယ်တကူ ဝင်ရောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိသည် မေ ၃ရက်ညမှစ၍ ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်တွင် အိပ်စက်ခဲ့ပြီး မေ ၅ရက် သန်းခေါင်ယံ အချိန်ခန့်တွင် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်မှ ပြန်လည်ထွက်ခွာခဲ့ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အတွင်းရှိစဉ် မိမိ ဓာတ်ပုံများ၊ ဗီဒီယိုမှတ်တမ်းများ ရိုက်ကူးခဲ့သည်ကို ဒေါ်အောင်ဆန်းစုကြည် လုံးဝ သိရှိခြင်းမရှိကြောင်း၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့ကလည်း လုံးဝ မသိရှိကြောင်း၊ မိမိပြန်လည် ထွက်ခွာစဉ် မှောင်နေ၍ ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်၌ မိမိ၏ ပစ္စည်းများ မေ့လျော့ကျန်ရစ်ခဲ့ခြင်းသာဖြစ်ကြောင်း၊ မိမိသည် ဗီယက်နမ်စစ်ပွဲကာလအတွင်းက နှစ်နှစ်ကြာခန့်မျှ ဗီယက်နမ်နိုင်ငံတွင် တိုက်ပွဲဝင်ခဲ့ပါကြောင်း၊ ထိုစဉ်က အမေရိကန်ကြည်းတပ် တပ်ဖွဲ့ဝင်တစ်ဦးဖြစ်ပါကြောင်း၊ မိမိ ဒေါ်အောင်ဆန်းစုကြည် အိမ်မှာရှိနေခဲ့စဉ်တုန်းက ထမင်းကြော်တစ်ပွဲနှင့် ရေသန့်ဘူးများ မိမိအား ထောက်ပံ့ခဲ့ပါကြောင်း စသည်ဖြင့် ထွက်ဆိုသည်။

တရားလိုဘက်မှ လိုက်ပါဆောင်ရွက်သည့် ခရိုင်ဥပဒေအရာရှိက Mr. John William Yettaw အား ပြန်လှန်စစ်မေးသည်ကို ဖြေကြားရာတွင် မိမိသည် ရန်ကုန်မြို့သို့ နှစ်ခေါက်လာဖူးကြောင်း၊ နှစ်ကြိမ်စလုံးက ဗန်ကောက်မှ လေကြောင်းခရီးစဉ်ဖြင့် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မဲဆောက်နှင့် မဲဆိုင်မြို့မှတစ်ဆင့် ဝင်လာဖူးကြောင်း၊ မဲဆောက်မှာရှိသော မယ်တော်ဆေးခန်းသို့ (၁၀)ကြိမ်ခန့် ရောက်ခဲ့ဖူးကြောင်း၊ မိမိသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)- Assistance Association For Political Prisoners(AAPP) ဌာနချုပ်မှ ဘိုကြည်ဆိုသူနှင့် တွေ့ဆုံခဲ့ကြောင်း၊ မိမိ ဗန်ကောက်မှ မြန်မာနိုင်ငံအတွင်းသို့ လာရောက်စဉ်က ဗီဇာတွင် ပါရှိသော စည်းကမ်းချက်များကို လိုက်နာပါမည်ဟု လက်မှတ်ရေးထိုးခဲ့သေးသည်မှာ မှန်ကြောင်း စသည်ဖြင့် ရှင်းလင်းထွက်ဆိုသည်။

အမှုများကို ဆက်လက်စစ်ဆေးကြားနာရန် မေ၂၈ရက် နံနက် ၁၀နာရီသို့ ချိန်းဆိုလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ကြီးမှူး၍ စပါးမျိုးသန့် အဆင့်(၂) စိုက်ပျိုးထုတ်လုပ်ရေး နည်းပညာပေးသင်တန်းကို မေ ၂၆ရက်က မြို့နယ်စိုက်ပျိုးရေးမန်နေဂျာရုံး၌ ကျင်းပရာ ဒုတိယတိုင်းမန်နေဂျာ ဦးမျိုးညွန့်က စပါးမျိုးကောင်း မျိုးသန့်များ စိုက်ပျိုးထုတ်လုပ်ရန်နှင့် နိုင်ငံတော်၏ လျာထားချက်များကို ရှင်းလင်းပြောကြားစဉ်။ (၁၈၃)

သက်ကြီးဆရာဝန်များ ထောက်ကူအဖွဲ့မှ သက်ကြီးဆရာဝန်များအား အရိုးပွမှုစစ်ဆေးပေးမည်

ရန်ကုန် မေ ၂၇

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) သက်ကြီးဆရာဝန်များ ထောက်ကူအဖွဲ့မှ အသက် ၇၀ကျော်ရှိ သက်ကြီး ဆရာဝန်များအား အရိုးပွမှု စစ်ဆေးခြင်း (Bone Densitometry) ကို လာမည့် ဇွန် ၃ရက်နှင့် ၅ရက်များ၌ မွန်းလွဲ ၂နာရီခွဲမှ ညနေ ၄နာရီအထိ ဗဟိုရ်ရိစည်အထူးကုဆေးခန်းတွင် Sea Lion Co., Ltd. ၏ ပံ့ပိုးကူညီမှုဖြင့် စစ်ဆေးပေးမည်ဖြစ်ရာ အဖွဲ့ဝင်ဆရာဝန်ကြီးများ ပါဝင်စစ်ဆေးခံယူကြပါရန် နိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

*** ရှေ့မှ**

ဆက်လက်၍ သရက်ခရိုင်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် တိုင်းဥက္ကဋ္ဌတို့က လူမှုရေး အသင်းအဖွဲ့များအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် သရက်မြို့ ခရိုင်ပြည်သူ့ဆေးရုံ နှစ်ထပ်တိုးချဲ့ဆောင်သစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သရက် - နတ်မီးတောက် - ကံမလမ်းကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

တင်ပြ

ယင်းနောက် ကံမမြို့နယ် ရေနံ့သာကျေးရွာအနီးရှိ မင်းတုန်းချောင်းတံတား တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီးက တံတားတည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များ မှာကြားပြီး တံတားနှင့် မင်းတုန်းချောင်း၏ ရေစီးဆင်းမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှု

ထို့မှတစ်ဆင့် ကြံခင်း-ပဒေါင်း ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ကံမ-သရက်အပိုင်း စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ မြန်မာ့မီးရထားမှ လက်ထောက်အထွေထွေမန်နေဂျာက ရထားလမ်း ဖောက်လုပ်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ရထားလမ်းနှင့် တံတားများကိုလည်း ပုံမှန်ပြုပြင်ထိန်းသိမ်းရန် မှာကြားကာ မင်းတုန်းချောင်းတံတားနှင့် သံလမ်းခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကံမမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးဝါးပစ္စည်းများနှင့် ဆေးပဒေသာပင် အလှူငွေများကိုဆေးရုံအုပ်ကြီးထံ ပေးအပ်လှူဒါန်းသည်။

စစ်ဆေး

ဆက်လက်၍ ကံမ မြို့အဝင်ရှိ မဒေးချောင်းတံတားကို ကြည့်ရှုစစ်ဆေးပြီး မဒေးရေလှောင်တမံ စီမံကိန်း၏ တူးမြောင်းမကြီးနှင့် ကံမလမ်းဖြတ် တံတား တည်ဆောက်ပြီးစီးမှု၊ ကျောက်ဖဲ့တောင်ဖြတ်တူးမြောင်းဖောက်လုပ်ခြင်းလုပ်ငန်း၊ မဒေးရေလှောင်တမံမှ ပေးပို့သောရေဖြင့် နွေစပါးများ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကံမမြို့နယ် ကြို့ပင်ကျေးရွာအနီးရှိ မဒေးရေလှောင်တမံသို့ ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)မှ ညွှန်ကြားရေးမှူးက ရေလှောင်တမံ တည်ဆောက်ပြီးစီးမှုနှင့် ရေပေးတူးမြောင်းများ ဖောက်လုပ်နေမှုကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များကို မှာကြားကာ ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး မဒေးရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တွေ့ဆုံ

ညနေပိုင်းတွင် မင်းတုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် တာဝန်ရှိသူများက လူမှုရေးအသင်းအဖွဲ့များအတွက် လက်ဆောင်ပစ္စည်းများနှင့် မြို့နယ်အတွက် ဆေးဝါးများကို ပေးအပ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မင်းတုန်းမြို့နယ်အတွက် ရရှိထားသည့်မီးသတ်ယာဉ်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကပ္ပလီပင်လယ်ပြင်၌ မုတ်သုံလေအားကောင်းမည်

ရန်ကုန် မေ ၂၇

ယနေ့နံနက် ၉နာရီ၃၀အထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်း အနောက်တောင် မုတ်သုံလေသည် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း အောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင်နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး မကွေးတိုင်းတွင် ဒေသအလိုက် မိုးကြီးခဲ့သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ သံတွဲမြို့တွင် ၂.၁၃ လက်မ၊ ဟုမ္မလင်းမြို့တွင် ၂.၁၃ လက်မ၊ ပဲခူးမြို့တွင် ၂.၁၃ လက်မ၊ ရေးမြို့တွင်၂.၁၃ လက်မ၊ ဖျာပုံမြို့တွင် ၂.၁၃ လက်မ၊ မင်းဘူးမြို့တွင် ၁.၁၃ လက်မနှင့် မကွေးမြို့တွင် ၁.၁၃ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

မေလ ၂၈ ရက် ညနေအထိ ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့ တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင်နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားကောင်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဥနဲ့ငါးကို ပွားခေလို့ ငါးချစ်ဆို မဖမ်းနဲ့

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၅-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော် +ဓမ္မသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**တရားမှန်လေးချပ်နှင့် အရိယာအဖြင့်** တရားတော် [ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် (ဘဒ္ဒန္တသုဓမ္မကိတ္တိသာရ)]
၆:၄၀	မွှန်ကြိုမြေမှ ရှေးဟောင်းအမွေအနှစ်တို့တည်ရှိရာ
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရှင်သန်လာသောနှလုံးသား** (အပိုင်း-၁၄)
၈:၃၀	We Can Talk အစုလှနှင့် ယူရေနီယမ်(အကအဖွဲ့)
၉:၀၀	ရှေးမမှုကံ ထိန်းသိမ်းရာ မြန်မာ့ရွှေရေးလိုးပညာ
၉:၁၀	သန္တေတည် တိုးပွားအကျိုးများမည် သစ်သီးလေဝမ္မသည်.... ပန်းမန်အောင်ပွဲဆီ
၉:၂၀	**ရှင်နောင်းကျောင်းရောက်ပြီ** ကြည်ခိုး၊ ထူးသာ၊ ချောနဝင်း၊ ယွန်းငွေ၊ (ဒါရိုက်တာ-ဦးခင်ဇော်)
၉:၃၅	မွှေးရနံ့ကုထုံး
၁၀:၀၀	ရေးယဉ်လှမ်းညွှန် (ကမ္ဘာ့အရေးမှန်စွမ် ဒုတိယထပ်)
၁၀:၁၅	ရန်ကုန်မြင်ကွင်းကျယ် [ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)၏ နှစ်ပတ်လည်မသန်စွမ်းသူ ညီအစ်ကို မောင်နှမများ တွေ့ဆုံပွဲအခမ်းအနား]
၁၀:၂၅	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် ဒီဇိုင်နာ သက်နှင်းအေးနှင့် တွေ့ဆုံခြင်း
၁၀:၃၅	မန္တလေး နှစ်(၁၅၀)ပြည့် စာပေပညာရှင်များ မီးထွန်းပွဲ
၁၁:၀၀	Box Office Movies (Fast And Furious 4)
၁၁:၂၀	အလှဆင်စရာ ပရိဘောဂကမ္ဘာ (ချမ်းမြေ့သာ)
၁၁:၃၀	အနုပညာ မိုးကောင်းကင်
၁၂:၀၀	သာယာဖွံ့ဖြိုး.... တိုးတက်စေရည်....ညဝေတီ
၁၂:၂၀	ဖျာပုံမြို့ ဂုဏ်ဆောင် မင်းကျောင်းတော်
၁၂:၂၅	ကြိုတင်ကာကွယ်ပါ သွေးလွန်တုပ်ကွေးရောဂါ [ဒေါက်တာအေးကျော် (ဓိကမ္မဘေဒ)]
၁၃:၀၀	**တရားမှန်လေးချပ်နှင့် အရိယာအဖြင့်** တရားတော် [ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် (ဘဒ္ဒန္တ သုဓမ္မ ကိတ္တိသာရ)]
၁၃:၄၀	မွှန်ကြိုမြေမှ ရှေးဟောင်းအမွေအနှစ်တို့တည်ရှိရာ
၁၄:၀၀	MRTV-4 သတင်း
၁၄:၄၅	Worlds of Knowledge (World's Deadliest Animals; Costa Rica)
၁၅:၁၀	မန္တလေးနှစ်(၁၅၀)ပြည့် စာပေပညာရှင်များ မီးထွန်းပွဲ
၁၅:၄၀	မွှေးရနံ့ကုထုံး
၁၆:၀၀	တေးဂီတအစီအစဉ်
၁၆:၁၅	သန္တေတည်တိုးပွား အကျိုးများမည် သစ်သီးလေဝမ္မသည်..... ပန်းမန်အောင်ပွဲဆီ
၁၆:၄၅	ဖျာပုံမြို့ ဂုဏ်ဆောင် မင်းကျောင်းတော်
၁၆:၅၅	ရန်ကုန်မြင်ကွင်းကျယ် [ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)၏ နှစ်ပတ်လည် မသန်စွမ်းသူ ညီအစ်ကိုမောင်နှမများတွေ့ဆုံပွဲ အခမ်းအနား]
၁၇:၁၅	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ သက်နှင်းအေးနှင့် တွေ့ဆုံခြင်း)
၁၇:၃၅	အလှဆင်စရာ ပရိဘောဂကမ္ဘာ (ချမ်းမြေ့သာ)
၁၈:၀၀	Sports World (Malaysia Master Cup)
၁၈:၀၀	MRTV-4 သတင်း
၁၈:၁၅	We Can Talk အစုလှနှင့် ယူရေနီယမ်(အကအဖွဲ့)
၁၈:၃၀	ရေးယဉ်လှမ်းညွှန် (ကမ္ဘာ့အရေး ဝမ္မန်စွမ် ဒုတိယထပ်)
၁၉:၀၅	Worlds of Knowledge (World's Deadliest Animals; Costa Rica)
၂၀:၀၀	MRTV-4 သတင်း
၂၀:၁၅	**ရှင်နောင်းကျောင်းရောက်ပြီ** ကြည်ခိုး၊ ထူးသာ၊ ချောနဝင်း၊ ယွန်းငွေ၊ (ဒါရိုက်တာ-ဦးခင်ဇော်)
၂၀:၃၀	အနုပညာ မိုးကောင်းကင်
၂၁:၀၀	Sports World (Malaysia Master Cup)
၂၁:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရှင်သန်လာသောနှလုံးသား** (အပိုင်း-၁၄)
၂၂:၀၀	ကဗ္ဗာ့လင် အားကစားအစီအစဉ်
၂၂:၄၅	ရွှေမြို့ ဟုခေါ်သည် (အပိုင်း-၁)
၂၃:၀၅	Box office Movies (Fast And Furious 4)
၂၃:၃၀	သာသနာ့လုပ်ငန်းအနှစ်ဖော်ပတ်တီးစ
၂၃:၄၅	တေးဂီတအစီအစဉ်
၂၄:၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တိုင်အင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တိုင်အင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် မေ ၂၇

နိုင်ငံ့ဝန်ထမ်းဂျာနယ် ထုတ်ဝေဖြန့်ချိ

ပညာရပ်ဆိုင်ရာဂျာနယ်ဖြစ်ပြီး တစ်နှစ်လျှင် နှစ်ကြိမ်ထုတ်ဝေသော နိုင်ငံ့ဝန်ထမ်းဂျာနယ်ကို ထုတ်ဝေထားသည်။ အဆိုပါဂျာနယ်တွင် နိုင်ငံ့ဝန်ထမ်းများ သိမှတ်ဖွယ်ရာနှင့် ပြည်သူများ ဖတ်ရှုလေ့လာနိုင်ဖွယ်ရာဆောင်းပါးများပါရှိပြီး နေပြည်တော်တွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး အမှတ် ၁၇၊ ဝင်းသုခစာရေးဆိုင်များ၊ စာပေဗိမာန်စာအုပ်ဆိုင်၊ ရန်ကုန်မြို့ အင်းဝစာအုပ်တိုက်(ဆူးလေဘုရားလမ်း)၊ စာပေဗိမာန်စာအုပ်ဆိုင် (ကုန်သည်လမ်း)တို့တွင် ဝယ်ယူနိုင်သည်။

ဆရာဝန်အသင်းဂေါက်သီးရိုက်ပြိုင်ပွဲ

လစဉ်ကျင်းပမြဲ မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ မေလပြိုင်ပွဲကို သန့်လျင်ဂေါက်ကွင်း၌ မေ ၃၁ရက်(တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

မူပိုင်ခွင့်ဆိုင်ရာသင်တန်းပို့ချပေးမည်

မြန်မာနိုင်ငံ စိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)နှင့် Aung Soe & Ace Top Intellectual Property Services *တို့ ပူးပေါင်း၍ မူပိုင်ခွင့်အကြောင်းကို အခမဲ့သင်ကြားပို့ချပေးမည်ဖြစ်ရာ တက်ရောက်လိုပါက ရန်ကုန်မြို့ ဗိုလ်ချုပ်ရှေး အရှေ့ဘက်အနီးရှိ မြန်မာနိုင်ငံ စိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)တွင် စုံစမ်းနိုင်ပြီး သင်တန်းကို အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် သင်ကြားပေးမည် ဖြစ်သည်။*

စားသောက်ကုန်ဆိုင်ရာဟောပြောပွဲ

မြန်မာလယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းနှင့် မန္တလေးတိုင်း စိုက်ပျိုးရေးအခြေခံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းတို့ ပူးပေါင်း၍ ဇွန်လ ပထမပတ်တွင် အရွယ်ရကင်းသော စားသောက်ကုန်များ ထုတ်လုပ်ရောင်းချရေး ပညာပေးဟောပြောပွဲ ကျင်းပမည်ဖြစ်သည်။

ပန်းချီနှင့်ပန်းပုပြပွဲဖွင့်

မြန်မာနိုင်ငံစိုးရာပန်းပညာရှင်များအစည်းအရုံး တောင်ဥက္ကလာပမြို့နယ်မှ သတ္တမအကြိမ်မြောက် ပန်းချီနှင့်ပန်းပုပြပွဲကို ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ မြန်မာနိုင်ငံစိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)ခန်းမ၌ မေ ၂၇ ရက်က ဖွင့်လှစ်ခဲ့ပြီး မေ ၂၈ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသထားရာ စိတ်ဝင်စားသူမည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ကလေးငယ်များရေးဆွဲသောပန်းချီပြပွဲပြသ

YAG Painting School မှ ကလေးများရေးဆွဲထားသော ပန်းချီကားများကို ပန်းချီပြခန်းအဖြစ် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ လောကနတ်ပန်းချီခန်းမ၌ မေ၂၈ ရက် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ပြသထားပြီး ကလေးငယ်စုစုပေါင်း ၉၇ ဦး တို့၏ လက်ရာများကို ခင်းကျင်းပြသထားကြောင်း သိရသည်။

ကွန်ပျူတာကွန်ရက်နှင့်ဆာဗာနည်းပညာသင်တန်းဖွင့်မည်

အိုင်တီနည်းပညာစိတ်ဝင်စားသော ကျောင်းသား ကျောင်းသူများအနေဖြင့် အင်တာနက်နှင့် ကွန်ရက်ဆက်သွယ်မှုနည်းစနစ်များတွင်ပါဝင်သော ကွန်ပျူတာဆာဗာများအား စီမံခန့်ခွဲခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းပညာရပ် လေ့လာသင်ယူနိုင်ရန်အတွက် သင်တန်းဖွင့်လှစ်မည်ဖြစ်ရာ အသေးစိတ်သိလိုပါက အဆောင်(၅) အခန်း(၄) မြန်မာ့အင်ဖိုတက်ခ် လှိုင်တက္ကသိုလ်နယ်မြေ ရန်ကုန် ဖုန်း-၆၅၂၂၈၈ နှင့် ၅၂၁၁၂၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

ပေါင်းဆန်ထုတ်လုပ်မှုဆွေးနွေးပွဲ ကျင်းပမည်

မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းကကြီးမှူး၍ ပေါင်းဆန်ထုတ်လုပ်မှုနှင့် ပတ်သက်သော ဆွေးနွေးပွဲကို ဇွန် ၅ ရက် မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပမည်ဖြစ်ရာ စိတ်ဝင်စားသူ မည်သူမဆို တက်ရောက်နိုင်သည်။ (မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

ဘုတလင်၌ ကျေးလက်လမ်း ပြုပြင်

ဘုတလင် မေ ၂၇

ဘုတလင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဘုတလင်-မောင်းထောင် လမ်းအပိုင်း ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းကို မေ၅ရက်က စတင်ဆောင်ရွက်ခဲ့ရာ အမှုဆောင်အရာရှိ ဦးစိုးလွင်က ကွင်းဆင်းကြီးကြပ်၍ တာဝန်ခံအင်ဂျင်နီယာ ဦးဇင်မင်းအောင်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်းသိရသည်။ (မြို့နယ်စည်ပင်)

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်နှင့်အတူ တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်

နေပြည်တော် မေ ၂၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မေ ၂၅ ရက် နံနက်ပိုင်းတွင် နမ္မတူတပ်နယ်ခန်းမ၌ အရာရှိ၊ အရာခံ၊ တပ်နယ်မိသားစုဝင်များအား တွေ့ဆုံ၍ လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် အမှတ်(၁)သတ္တုတွင်း လုပ်ငန်း ဇည့်ရိပ်သာရှင်းလင်းဆောင်သို့ ရောက်ရှိရာ အမှတ်(၁)သတ္တုတွင်း လုပ်ငန်း အထွေထွေမန်နေဂျာက နမ္မတူ-ဘော်တွင်း သတ္တုတွင်းလုပ်ငန်း အခြေအနေများနှင့် ထုတ်လုပ်မှု အခြေအနေများကို တင်ပြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်က လုပ်ငန်းလိုအပ်ချက်များကို မှာကြားပြီး သတ္တုရိုင်းနမူနာများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှု

မွန်းလွဲပိုင်းတွင် နမ္မတူ သတ္တုကျိုချက်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံ အခြေအနေနှင့် သတ္တုနမူနာများကို လည်းကောင်း၊ သတ္တုချွတ်စက်ရုံ အခြေအနေနှင့် စက်ရုံမှထုတ်လုပ်သော သန့်စင်ပြီး ခဲချောင်းများ၊ သန့်စင်ပြီး ငွေချောင်းများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် နမ္မတူမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး လူနာများအား အားပေးစကားပြောကြား၍ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကိုပေးအပ်ကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးနှင့်ဆေးပစ္စည်းများကို ဆေးရုံအုပ်ကြီးသို့ ပေးအပ်သည်။

ဆက်လက်၍ နမ္မတူမြို့ မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံ ပြည်သူများနှင့် တွေ့ဆုံရာ မြို့နယ်ဥက္ကဋ္ဌက မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းအခြေအနေများကို ကဏ္ဍအလိုက်ရှင်းလင်းတင်ပြသည်။

မှာကြား

ဗိုလ်ချုပ်မင်းအောင်လှိုင်ကရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီးဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေးမှာကြားသည်။

ဗိုလ်ချုပ် မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် မန်တုံမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံတက်လူနာများအား အားပေးစကားပြောကြား၍ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကိုပေးအပ်ကာ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်က ဆေးရုံအတွက် ဆေးနှင့် ဆေးပစ္စည်းများ၊ ဆေးပဒေသာပင်များကို ပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံသည်။

ပေးအပ်

ဗိုလ်ချုပ် မင်းအောင်လှိုင်သည် မေ ၂၆ ရက် နံနက်ပိုင်းတွင် မန်တုံတပ်နယ်ရိပ်သာ၌ ဒေသခံ တိုင်းရင်းသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍မန်တုံတပ်နယ်ခန်းမ၌ အရာရှိ၊ အရာခံ၊ တပ်နယ်မိသားစုဝင်များနှင့် တွေ့ဆုံပြီး လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် မန်တုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ မြို့နယ်ဥက္ကဋ္ဌက မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

တက်ညီလက်ညီ

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်နှင့်အတူ တက်ညီလက်ညီ ပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် မန်တုံမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိ၍ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံနေမှုနှင့် ကျောင်းအဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ကျောင်းပဒေသာပင် အလှူငွေများကို ပေးအပ်ရာ ကျောင်းအုပ်ကြီးက လက်ခံသည်။

စစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ကျောက်မဲမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိပြီး ဆေးရုံတက်လူနာများအား အားပေးစကားပြောကြား၍ထောက်ပံ့ငွေများကို ပေးအပ်ကာခွဲစိတ်ဆောင်နှင့်ခွဲစိတ်ခန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်က ဆေးရုံအတွက် ဆေးနှင့် ဆေးပစ္စည်းများကို ပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံသည်။

ဆက်လက်၍ ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ မြို့နယ်ဥက္ကဋ္ဌက မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထိန်းသိမ်း

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်က ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို နိုင်ငံတော်နှင့် အတူ ပူးပေါင်းပါဝင်ထိန်းသိမ်းတိုးတက်အောင် ဆောင်ရွက်ရေး တိုက်တွန်းမှာကြားသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် မန်တုံမြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကိုရီးယားသမ္မတနိုင်ငံ သမ္မတဟောင်း Mr. Roh Moo-hyun ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

ရန်ကုန် မေ ၂၇

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာသည် ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၉၇) တက္ကသိုလ်ရိပ်သာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံရုံးသို့သွားရောက်၍ မေ ၂၃ ရက်တွင် ကွယ်လွန်အနိစ္စရောက်ခဲ့သော ကိုရီးယားသမ္မတနိုင်ငံ သမ္မတဟောင်း Mr. Roh Moo-hyun အတွက် ဖွင့်လှစ်ထားရှိသည့် ဝမ်းနည်းကြောင်းအထိမ်းအမှတ် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။ **(အပေါ်ဝဲပုံ)**

(သတင်းစဉ်)

ရှမ်းပြည်နယ်(တောင်ပိုင်း)နမ့်စန်မြို့နယ်နှင့် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများသိမ်းဆည်းရမိ

နေပြည်တော် မေ ၂၇

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမူးယစ်အထူးအဖွဲ့မှ တာဝန်ရှိသူများသည် မေ ၂၃ ရက် မွန်းလွဲ ၁နာရီ ၁၅မိနစ်ခန့်တွင် နမ့်စန်မြို့နယ် ရပ်ကွက်(၁)ရှိ ဒေါ်နန်းခမ်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဒေါ်နန်းခမ်းနှင့် ၎င်း၏ သမီးဖြစ်သူ ဒေါ်ဝင်းတင်တို့အား တွေ့ရှိရပြီး ယင်းနေအိမ်မှ WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၂၅၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ တရားခံ ဒေါ်နန်းခမ်းနှင့် ဒေါ်ဝင်းတင်တို့အား ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး ကွင်းဆက် တရားခံများ ဖော်ထုတ် ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သိမ်းဆည်းရမိ

အလားတူ မန္တလေးတိုင်း မန္တလေး မူးယစ် (တောင်)မှ တာဝန်ရှိသူများသည် မေ ၂၃ ရက် ည ၉နာရီခန့်တွင် မဟာအောင်မြေမြို့နယ် မဟာမြိုင် (၂)ရပ်ကွက် လမ်း(၆၀) ၄၁×၄၂ လမ်းကြား အိမ်အမှတ် (၁၀၈)ရှိ ဟွမ်ယုပန်း(ခ) ဖန်ယုပန်း ၄ားရမ်းနေထိုင်သော နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဟွမ်ယုပန်း(ခ)ဖန်ယုပန်းနှင့် ရန်အားရင်(ခ)သိန်းဦးတို့အား တွေ့ရှိရပြီး ဟွမ်ယုပန်း၏ အိပ်ခန်းအတွင်းရှိ မွေ့ရာအောက်မှ မိုင်းကိုင်စက္ကူဖြင့် ထုပ်လျက်WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ တရားခံ ဟွမ်ယုပန်းနှင့် ရန်အားရင်တို့အား ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး ကွင်းဆက်တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးညှင်းမြို့နယ်၌ မြေယာရှုခင်းအလှပြင်

မိုးညှင်း မေ ၂၇

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မိုးညှင်းမြို့ကို မြို့အင်္ဂါရပ်နှင့်ညီစေရန် မြို့တွင်းအဓိကကျသောလမ်းဆုံများတွင် မြေယာရှုခင်း အလှပြုပြင်ခြင်းများကို မေ၂ရက်က အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်း ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ် ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော ဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျကွပ်ကဲကြပ်မတ်လျက်ရှိသည်။

ဈေးကွက်နမူနာများကို ဓာတ်ခွဲစစ်ဆေးချက်အရ အောက်ပါဆေးဝါး နှစ်မျိုးမှာ ဆေးဝါးအတုဖြစ်နေကြောင်း စစ်ဆေးတွေ့ရှိရသည်။

	ဆေးအမည်	ကုမ္ပဏီအမည်
(က)	Tetracycline Hydrochloride 250mg Capsule.	Xian Pharmaceutical Factory
(ခ)	Tabellae Metronidazoli 0.2g x 100 (R အမှတ်တံဆိပ်,1995)	ဖော်ပြမထားပါ။

အထက်ပါဆေးဝါးနှစ်မျိုးမှာ မြန်မာနိုင်ငံတွင် ဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိပါကြောင်းနှင့် ဆေးဝါးအာနိသင် လုံးဝ(လုံးဝ)မရှိပါကြောင်း အသိပေးအပ်ပါသည်။

ဆေးဝါးအတု၊ စံမညီဆေးဝါးများကို မှီဝဲသောရောဂါဝေဒနာရှင်များသည် စရိတ်များစွာ ကုန်ကျသည့်အပြင် မိမိတို့ခံစားနေရသော ရောဂါများ ပျောက်ကင်းခြင်း(လုံးဝ)မရှိဘဲ ပိုမိုဆိုးရွားသောအခြေအနေကို ခံစားရမည်ဖြစ်သည်။

ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက အမျိုးသားဆေးဝါးဥပဒေပုဒ်မ(၁၈)အရ တရားစွဲဆို အရေးယူမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

သစ်ပင်ကို
နှစ်စဉ်စိုက်
ရွေတိုက်ကိုစိုး

ပြည်နယ်နှင့်တိုင်း အသက်(၁၉)နှစ်အောက် ဘောလုံးပြိုင်ပွဲဖွင့်

ပြည် မေ ၂၇

၂၀၀၉ခုနှစ် (၁၀)ကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း အသက်(၁၉)နှစ်အောက် အမျိုးသားလူသစ်တန်း ဘောလုံးပြိုင်ပွဲ(ပထမ)အုပ်စု ပတ်လည်ပြိုင်ပွဲ အခမ်းအနားကို မေ၂၆ရက် ညနေ ၃ နာရီက ပြည်မြို့ မင်္ဂလာရွှေပြည်အားကစားကွင်း၌ ကျင်းပသည်။ ပြည်ဇုန်(ဂ)အုပ်စုတွင် တနင်္သာရီတိုင်း၊ မကွေးတိုင်း၊ ချင်းပြည်နယ်နှင့် ကချင်ပြည်နယ်အသင်းတို့ ပါဝင်ကြသည်။

(ဃ)အုပ်စု

အလားတူ (ဃ)အုပ်စုပြိုင်ပွဲဖွင့်ပွဲကို မေ၂၆ရက် ညနေ၃နာရီက သာယာဝတီခရိုင်အားကစားကွင်း၌ ကျင်းပခဲ့သည်။ (ဃ)အုပ်စုတွင် ကရင်ပြည်နယ်အသင်း၊ ရခိုင်ပြည်နယ်အသင်း၊ ကယားပြည်နယ်အသင်းနှင့် မန္တလေးတိုင်း အသင်းတို့ ပါဝင်ကြကြောင်း သိရသည်။

(တိုင်း ပြန်/ဆက်)

28-5 (08).pmd 1 5/28/2009, 2:21 AM

မြန်မာ့ရုပ်မြင်သံကြား

၂၈-၅-၂၀၀၉ ရက်
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အကပြိုင်ပွဲ
၇း၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈း၀၅ ၆။ မြန်မာ့ကျောက်မျက်ရတနာများဖြင့် ဖော်ကျူးတဲ့ မြန်မာ့ကျောက်မျက်ရတနာပြတိုက်
၈း၁၅ ၇။ အတီးပြိုင်ပွဲ
၈း၃၀ ၈။ International News
၈း၄၀ ၉။ အကပဒေသာ
၈း၅၀ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄း၂၀ ၃။ နိုင်ငံ့စီးပွား အလေးထား ကျေးလက်ထုတ်ကုန်များ
၄း၃၀ ၄။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၄း၄၀ ၅။ တေးဂီတအစီအစဉ်
၄း၅၅ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်)
၅း၁၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၅ ၈။ **သတင်းကောင်း** သျှားညို၊ ဆုပန်ထွာ၊ ပွင့် (ဒါရိုက်တာ-ညိုမင်းလွင်)
၅း၃၀ ၉။ အရေးပြိုင်ပွဲ
၅း၄၀ ၁၀။ တေးဂီတအစီအစဉ်
၅း၅၀ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၀၀ ၁၂။ ညနေခင်းသတင်း
၆း၃၀ ၁၃။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၄။ အနုပညာကြေးမုံတစ်ချပ်ကို ခံစားကြည့်ခြင်း (အလင်္ကာကျော်စွာ မြို့မငြိမ်း၏ သီချင်းများ)
၆း၅၀ ၁၅။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
၇း၁၀ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **နားခိုရာရင်ခွင်** (အပိုင်း-၁၃)
၈း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ** (အပိုင်း-၂၆)
၂၁။ အစီအစဉ်ပြီး၏။

စည်ပင်သာယာ ညွှန်ကြားရေးမှူး ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများစစ်ဆေး

ရန်ကုန် မေ ၂၇

စည်ပင်သာယာရေး ဦးစီးဌာန ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်သည် မေ ၂၂ရက်တွင် သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိုးရာသီရေစီးရေလာကောင်းမွန်စေရေးအတွက် သန်လျင်မြို့ သီတာရေမြောင်း (၁)နှင့်(၂)တို့၌ အမှိုက်နှင့်နုန်းများ ဆယ်ယူရှင်းလင်းမှုလုပ်ငန်း များကို ကြည့်ရှုအားပေးပြီး သန်လျင်မြို့ မြို့မဈေးကိုလည်းသွားရောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးသည် ကျောက်တန်းမြို့ မိုးရာသီရေစီးရေလာကောင်းမွန်စေရေးအတွက် အနောက်ပိုင်း ရပ်ကွက်ရှိ ပင်မရေမြောင်း အမှိုက်နှင့်နုန်းများ ဆယ်ယူရှင်းလင်းနေမှု လုပ်ငန်းများနှင့် မြို့မဈေးကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယုဇနဘက်စုံစိုက်ပျိုးမွေးမြူရေး စီမံကိန်းတွင် အသုံးပြုရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မှာယူတင်သွင်းထားသော **John Deere** ကုမ္ပဏီကထုတ်လုပ်သည့် ထွန်စက်နှင့် ရိတ်သိမ်းခြွေလှေ့စက်များကို ဤသို့တွေ့ရသည်။ (သတင်းစဉ်)

● ကျောဖုံးမှ

ပထမအခေါက် ရောက်စဉ်က တစ်မျှော်တစ်ခေါ် ကြည့်ရှု၍မဆုံးနိုင်သော ပီလောပီနံ စိုက်ခင်းများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုခွင့်ရရှိခဲ့ရာ အလွန်ပင်အားရကျေနပ်ခဲ့မိသည်။ ဒုတိယအခေါက်၌ အပေါ်စီးမြင်ကွင်း(Over View)ကို ထပ်မံကြည့်ရှုရပြန်သောအခါ အားရကျေနပ်သည်ဆိုသော အသုံးအနှုန်းဖြင့် မလုံလောက်တော့ဘဲ ရင်သပ်ရှုမောအံ့သြရသည်ဟူ၍သာ ဆိုချင်ပါတော့သည်။

အလားအလာကောင်း

ဒုတိယအခေါက် ရောက်ဖြစ်ချိန်တွင် ယုဇနဘက်စုံ စိုက်ပျိုးမွေးမြူရေး စီမံကိန်း၏ စက်ရုံမြေနေရာ၌ ပြုလုပ်သော ပီလောပီနံ ကော်မှုန့်စက်ရုံ ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားနှင့် ကြုံကြိုက်ခဲ့၍ စီမံကိန်း၏ အနာဂတ် အလားအလာကောင်းမွန်မှုကို တွက်ဆကြည့်နိုင်ခဲ့သည်။

ယုဇန ကုမ္ပဏီလီမိတက်သည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုကို ခံယူ၍ ယုဇနဘက်စုံ စိုက်ပျိုးမွေးမြူရေး စီမံကိန်းကို ကချင်ပြည်နယ် မြစ်ကြီးနား-တနိုင်းလမ်းရှိ ဖားကန့်မြို့နယ်နှင့် တနိုင်းမြို့နယ် ထိစပ်ရာ ဘန်ကောက်ကျေးရွာအနီး၌ မြေလွတ် မြေရိုင်း ဧက ၂၃၅၄၀၀၊ သစ်တောမြေ ဧက၁၄၆၀၀ စုစုပေါင်း ဧက၂၅၀၀၀၀ပေါ်တွင်အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။

အဓိကသီးနှံ

ယုဇနဘက်စုံစိုက်ပျိုးမွေးမြူရေး စီမံကိန်းတွင် အဓိကသီးနှံအဖြစ် ပီလောပီနံ (Tapioca)စိုက်ပျိုးပြီး ကြံ (Sugar Cane)၊ ပြောင်း (Corn)၊ ပဲပုပ် (Soya Bean)၊ စပါး (Paddy Rice) နှင့် အခြားသီးနှံ (Other Crop) တို့ကို စိုက်ပျိုးလျက်ရှိသည်။

ထိုသို့စိုက်ပျိုးရာတွင် ပြည်တွင်းလောင်စာဆီ၊ စားသုံးဆီ၊ သကြားဖူလုံစေရန်နှင့် နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိရန် ရည်ရွယ်၍ ဒေသနှင့်ကိုက်ညီသည့် စက်မှုကုန်ကြမ်း သီးနှံများကို ဦးစားပေး၍ စိုက်ပျိုးခြင်းဖြစ်သည်။

မွေးမြူရေး လုပ်ငန်းအနေဖြင့်လည်း ဒေသစားသုံးမှုဖူလုံစေရန်နှင့် နိုင်ငံခြားဝင်ငွေရရှိစေရန် ရည်ရွယ်၍ ငါး၊ နွားနှင့် အသားတိုး ဝက်တို့ကို မွေးမြူလျက်ရှိသည်။

စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြေယာရှင်းလင်းခြင်း၊ သစ်မြစ်သစ်ကိုင်းများကို စက်ယန္တရားများဖြင့် ဖော်ထုတ်ရှင်းလင်းခြင်း၊ အဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့် စိုက်ပျိုးခြင်းလုပ်ငန်းများကို စီမံခန့်ခွဲမှုအဖွဲ့၊ ထောက်ပံ့မှုအဖွဲ့နှင့် သယ်ယူပို့ဆောင်မှုအဖွဲ့ဟူ၍ အဖွဲ့များဖွဲ့၍ ဆောင်ရွက်လျက်ရှိသည်။

ယုဇနဘက်စုံ စိုက်ပျိုးမွေးမြူရေး စီမံကိန်းကို စီမံခန့်ခွဲရေးဝန်ထမ်း ၇၉ဦး၊ စိုက်ပျိုးရေးဝန်ထမ်း ၆၇ဦး၊ ထွန်စက်အဖွဲ့ ၂၄၅ ဦး၊ ယန္တရားအဖွဲ့ ၁၃၀၊ စိုက်ပျိုးရေး လုပ်သား ၃၀၀၀၊ ဆောက်လုပ်ရေး လုပ်သား ၁၅၀၀ စုစုပေါင်း ၅၀၂၁ဦးဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

ယုဇနဘက်စုံ စိုက်ပျိုးမွေးမြူရေး စီမံကိန်းတွင် မြေရှင်းလင်းဖော်ထုတ်ခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စိုက်ကွင်းလမ်း၊ မြောင်း၊ တံတား တည်ဆောက်ခြင်းနှင့် အဆောက်အအုံ တည်ဆောက်ခြင်း လုပ်ငန်းများတွင် Bulldozer ၅၁ စီး၊ Excavator ၅၂ စီး၊ Farmer Excarator ရှစ်စီး၊ Wheel Loader နှစ်စီး၊ Roller လေးစီး၊ Motor Grater နှစ်စီး၊ Tractor (John Deere) ၁၉၂ စီး၊ Dump Truck ၄၅ စီးနှင့် 10 Wheel Truck ရှစ်စီးတို့ကို အသုံးပြု၍ ဆောင်ရွက်လျက်ရှိသည်။

ယုဇနဘက်စုံ စိုက်ပျိုးမွေးမြူရေး စီမံကိန်းတွင် လုပ်သားမြို့ တည်ဆောက်ခြင်းလုပ်ငန်း၊ ဆေးရုံတည်ဆောက်ခြင်းလုပ်ငန်း၊ သင်တန်းကျောင်း တည်ဆောက်ခြင်းလုပ်ငန်း၊ ဈေးတည်ဆောက်ခြင်းလုပ်ငန်း၊ စေတီ၊ ကျောင်း၊ ကန်တည်ဆောက်ခြင်းလုပ်ငန်း၊ အပန်းဖြေရိပ်သာ တည်ဆောက်ခြင်းလုပ်ငန်း၊ သုတေသနစခန်း တည်ဆောက်ခြင်းလုပ်ငန်း၊ မော်တော်ယာဉ် ဝန်ဆောင်မှုလုပ်ငန်း၊ လမ်း၊ တံတားတည်ဆောက်မှုလုပ်ငန်း၊ စက်ရုံများ၊ သိုလှောင်ရုံများ တည်ဆောက်မှုလုပ်ငန်းတို့ ပါဝင်သည်။

အသီးအပွင့်

စွန့်ဦးတီထွင် ကုမ္ပဏီတစ်ခုဖြစ်သော ယုဇနကုမ္ပဏီလီမိတက်သည် တနင်္သာရီတိုင်း၌လည်း ဆီအုန်းပင်များကို ဧကများစွာ စိုက်ပျိုးခဲ့ရာ ယခုအခါ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ ကချင်ပြည်နယ်မှ ယုဇနဘက်စုံ စိုက်ပျိုးမွေးမြူရေး စီမံကိန်းသည်လည်း မကြာမီနှစ်များအတွင်း အောင်မြင်မှု အသီးအပွင့်များကို ခံစားရရှိတော့မည်မှာ မလွဲဧကန်ပင်ဖြစ်သည်။

ယုဇနဘက်စုံ စိုက်ပျိုးမွေးမြူရေး စီမံကိန်း၌ အဓိကစိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိသည်မှာ ပီလောပီနံပင်များဖြစ်သည်။ ယုဇနဘက်စုံ စိုက်ပျိုးမွေးမြူရေး စီမံကိန်းမှထွက်ရှိသော ပီလောပီနံဥများသည် စံချိန်တင်လောက်အောင် အရွယ်အစားကြီးမားလှပေသည်။ ယခင်က ဤမျှအရွယ်အစားကြီးမားသော ပီလောပီနံဥများကို မြင်တွေ့ဖူးခြင်း မရှိခဲ့၍ အံ့သြမှု ဖြစ်ရပါသည်။

ပီလောပီနံဥများကို အချိုမှုန့်ပြုလုပ်ရာတွင် ထည့်သွင်းအသုံးပြုသည်ဟု အများစုက သိရှိထားသော်လည်း ယုဇနဘက်စုံ စိုက်ပျိုးမွေးမြူရေးစီမံကိန်းမှ ထွက်ရှိသော ပီလောပီနံဥများသည် အချိုမှုန့်ပြုလုပ်ရာတွင် အသုံးပြုရန်အတွက်မဟုတ်ဘဲ ပီလောပီနံ ကော်မှုန့်ပြုလုပ်၍ တရုတ်ပြည်ဈေးကွက်သို့ တင်ပို့ရန်အတွက် စိုက်ပျိုးနေခြင်းဖြစ်သည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၌ စက္ကူအချောများ ထုတ်လုပ်ရာတွင် အပေါ်ယံကြွေသား ကောင်းမွန်စေရန်အတွက် ပီလောပီနံကော်မှုန့်များကို ထည့်သွင်းအသုံးပြုကြရာ ယုဇနဘက်စုံ စိုက်ပျိုးမွေးမြူရေးစီမံကိန်းမှ ထွက်ရှိသော ပီလောပီနံကော်မှုန့်များကို ထွက်သမျှဝယ်ယူရန် ကြိုတင်ကမ်းလှမ်းထားပြီဖြစ်ကြောင်း သိရသည်။

အထူးသဘောကျ

ယုဇန ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးဆန်နီက "တရုတ်နိုင်ငံကလူတွေ ယုဇနဘက်စုံ စိုက်ပျိုးမွေးမြူရေး စီမံကိန်းကို လာရောက်လေ့လာကြပြီး အထူးသဘောကျကြတယ်။ ဒီကထွက်ရှိသမျှ ပီလောပီနံဥတွေကိုလည်း ဝယ်ယူဖို့ ခုကတည်းကလာပြီး ကမ်းလှမ်းနေကြတယ်။ အခုပီလောပီနံ ကော်မှုန့်စက်ရုံကို တည်ဆောက်နေတာကလည်း ဒီရည်ရွယ်ချက်ပဲ ဖြစ်ပါတယ်။ သူတို့ကတော့ ကုန်ကြမ်းဖြစ်တဲ့ ပီလောပီနံဥကိုတောင် ရရင်ဝယ်ချင်နေကြတယ်။ ကျွန်တော်တို့က ကော်မှုန့်လုပ်ပြီးမှ သူတို့ဆီကို ရောင်းမှာပါ။ ဒါမှ အကျိုးအမြတ်ပိုရသလို ကိုယ့်ဒေသက လူတွေ အလုပ်အကိုင် ပိုပြီးရမှာဖြစ်ပါတယ်။ အခုတော့ ရင်းနှီးမြှုပ်နှံမှုပမာဏကြီးမားလို့ ငွေကြေးစိုက်ထုတ်လို့ မလောက်နိုင်အောင်ပါပဲ။ ဆီအုန်းက ရသမျှပိုက်ဆံကို ဒီမှာပဲ ပြန်ထည့်နေရတာ။ ကော်မှုန့်စက်ရုံ ပြီးသွားရင်တော့ ငွေပြန်ပေါ်လာမှာပါ"ဟု ပြောကြားသည်။

ယုဇနဘက်စုံ စိုက်ပျိုးမွေးမြူရေးစီမံကိန်း၌ စိုက်ပျိုးထားသော ပီလောပီနံ မျိုးအမည်မှာ KU-50 ဖြစ်ပြီး မူရင်းဒေသမှာ ထိုင်းနိုင်ငံဖြစ်သည်။ ပီလောပီနံပင်များကို စိုက်ပျိုးပြီး တစ်နှစ်အကြာတွင် ဥများကို တူးဖော်၍ ရရှိသော်လည်း ယုဇနဘက်စုံ စိုက်ပျိုးမွေးမြူရေး စီမံကိန်းတွင် အပင်သက်တမ်း နှစ်နှစ်ကျော်မှသာ ဥများကို တူးဖော်ခြင်းဖြင့် အရွယ်အစား ပိုမိုကြီးမားသော ပီလောပီနံဥများကို ရရှိကြောင်းသိရသည်။

မျိုးစေ့ပြုလုပ်

ယခုအခါ ပီလောပီနံမျိုးစေ့များကို ယုဇနဘက်စုံ စိုက်ပျိုးမွေးမြူရေး စီမံကိန်းရှိ ပီလောပီနံမျိုးစေ့ ထုတ်လုပ်ရေးဌာန၌သာ ထုတ်လုပ်လျက်ရှိသည်။ ပီလောပီနံမျိုးစေ့ ထုတ်လုပ် ရေးဌာနတွင် အမျိုးသမီးဝန်ထမ်း များက ကိုးလက်မအရွယ် ဖြတ်ထားသော ပီလောပီနံကိုင်းများကို ဓားဖြင့် အဆစ်များကိုဖဲ့ထုတ်၍ မျိုးစေ့ပြုလုပ်လျက်ရှိသည်။

အဆိုပါ ကိုးလက်မ အရွယ် ပီလောပီနံကိုင်းမျိုးစေ့များကို သန့်ဆေးရည်စိမ်၍ သန့်စင်မှု ပြုလုပ်ပြီး စိုက်ကွင်းများသို့ ကားများဖြင့် သယ်ဆောင်ကာ စိုက်ပျိုးလျက်ရှိသည်။

ပြုပြင်တည်ဆောက်

ယုဇန ကုမ္ပဏီလီမိတက်သည် ယုဇနဘက်စုံ စိုက်ပျိုးမွေးမြူရေး စီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိသည့်နည်းတူ ဒေသ၏ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန်အတွက် မြစ်ကြီးနား- နမ္မတီး- တနိုင်းလမ်းပိုင်းအား ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို လီဒိုဟိုင်းဝေးကုမ္ပဏီလီမိတက် အမည်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

သတင်းသမား တစ်ဦးအနေဖြင့် မြန်မာပြည်တစ်နံတစ်လျားသို့ ခရီးဆန့်ရင်း ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံများကို မကြာခဏ ဝင်ရောက်ကြည့်ရှုခွင့် ရခဲ့သည်။ သို့သော်လည်း ယုဇနဘက်စုံ စိုက်ပျိုးမွေးမြူရေးစီမံကိန်းကဲ့သို့ လုပ်ငန်းပမာဏကြီးမားပြီး စက်ယန္တရားများ အင်ပြည့်အားပြည့် အသုံးပြုသော စီမံကိန်းမျိုးကို မတွေ့ခဲ့ရဖူးပါ။ ကချင်ပြည်နယ်မှ ယုဇနဘက်စုံ စိုက်ပျိုးမွေးမြူရေးစီမံကိန်းသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် အထောက်အကူပြုပါကြောင်း သတင်းဆောင်းပါးအဖြစ် ဖော်ပြလိုက်ရပါသည်။ ။ **(သတင်းစဉ်)**

ယုဇနဘက်စုံ စိုက်ပျိုးမွေးမြူရေး စီမံကိန်းတွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ပီလောပီနံပင်များကို ဤသို့တစ်မျှော်တစ်ခေါ် တွေ့ခဲ့ရသည်။ (သတင်းစဉ်)

ယုဇနဘက်စုံ စိုက်ပျိုးမွေးမြူရေး စီမံကိန်းတွင် ပီလောပီနံစိုက်ပျိုးရန် ထွန်စက်များဖြင့် မြေပြုပြင်လျက်ရှိသည်ကို ဤသို့ တွေ့ခဲ့ရသည်။ (သတင်းစဉ်)

ကြိုတင်ကာကွယ် သွေးတိုးရောဂါအန္တရာယ်

သွေးတိုးရောဂါသည် ကမ္ဘာ့ကပ်ရောဂါ

ကမ္ဘာတစ်ဝန်း ၁ ဒသမ ၅ ဘီလီယံကျော် လူသားများသည် သွေးတိုးရောဂါကို ခံစားနေကြရပါသည်။ သွေးတိုးရောဂါသည် နှလုံးရောဂါ၊ လေဖြတ်ရောဂါနှင့် ကျောက်ကပ်ရောဂါများကြောင့် သေစေသော အဓိကအကြောင်းရင်းကြီးဖြစ်ပါသည်။

အငန်(ဆား)ဓာတ်သည် သွေးတိုးရောဂါဖြစ်စေသော အဓိကအကြောင်းရင်း

အငန်(ဆား)ဓာတ်(ဆိုဒီယမ်) လွန်ကဲစွာစားသုံးခြင်းသည် လူကြီး ၁၀ဦးတွင် သုံးဦးသွေးတိုးရောဂါဖြစ်ပေါ်စေပါသည်။ ဤသွေးတိုးရောဂါသည် နှလုံးသွေးကြောရောဂါကို ဖြစ်ပေါ်စေသော အဓိကအကြောင်းရင်း ဖြစ်ပါသည်။ လေဖြတ်ရောဂါ၏ ၆၄ရာခိုင်နှုန်းနှင့် နှလုံးသွေးကြောကျဉ်းရောဂါသည်များ၏ ၄၉ ရာခိုင်နှုန်းသည် သွေးတိုးရောဂါကြောင့် ဖြစ်ပေါ်လာရခြင်း ဖြစ်ပါသည်။

ဆိုဒီယမ်ကို လျှော့၍စားသုံးလျှင် သွေးတိုးရောဂါကို လျော့နည်းစေပါသည်။ ကမ္ဘာတစ်ဝန်းတွင် သွေးတိုးရောဂါကြောင့်သေဆုံးသူ နှစ်စဉ် ခုနစ်သန်းခန့် ရှိနေပါသည်။ ဤသို့ အများအပြားသေဆုံးမှုများကို ဆိုဒီယမ်ဓာတ်လျှော့စားသုံးခြင်းဖြင့် ကာကွယ်နိုင်ပါသည်။ ပို၍သိရှိသင့်သောအချက်တစ်ခုမှာ ဆိုဒီယမ်ဓာတ်သည် ထမင်းစားပွဲရှိ ဆားတွင်ပါဝင်သော်လည်း ကျွန်ုပ်တို့ စားသုံးသော ဆိုဒီယမ်ဓာတ် ရာခိုင်နှုန်း ၈၀ သည် အသင့်ပြုလုပ်သော အစားအစာများနှင့် စားသောက်ဆိုင်အစားအစာများမှ ရရှိနေခြင်းဖြစ်ကြောင်း သိရှိသင့်ပေသည်။

အငန်(ဆား)ဓာတ်လျှော့ကျအောင် ပြုလုပ်သင့်သည့်အချက်များ

> **ပါမောက္ခ ဦးတင်လတ်**
> (နှလုံးဆေးကုသဌာန)

နိုင်ငံအားလုံးသည် မိမိတို့၏ ဆားဓာတ်သုံးစွဲမှုကို လျှော့ကျအောင် မဖြစ်မနေပြုလုပ်သင့်ပါသည်။ ကမ္ဘာတစ်ဝန်းတွင် လူတစ်ဦးချင်း နေ့စဉ်ပျမ်းမျှဆားသုံးစွဲမှုမှာ ၉-၁၂ ဂရမ် ရှိပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ လူတစ်ဦးချင်း နေ့စဉ်ဆားသုံးစွဲမှုကို လက်ဖက်ရည်ဇွန်းတစ်ဇွန်း ၅-၆ ဂရမ်ထက်မပိုရဟု သတ်မှတ်ထားပါသည်။ နောက်ဆုံး လေ့လာတွေ့ရှိချက်အသစ်များအရ လူတစ်ဦးချင်း နေ့စဉ်ဆားသုံးစွဲမှုကို လက်ဖက်ရည်ဇွန်းတစ်ဝက်ထက်မပိုရဟု သတ်မှတ်ထားပါသည်။ ၄င်းပြင် ကလေးများတွင် ၄င်းထက်ပိုမို၍ နည်းသင့်သည်ဟု သတ်မှတ်ထားပါသည်။

နိုင်ငံအလိုက် ဆားဓာတ်လျှော့ချခြင်းသည် နှလုံးသွေးကြောရောဂါကာကွယ်ရေးတွင်ငွေကြေးကုန်ကျမှုအနည်းဆုံးနှင့် အထိရောက်ဆုံးဖြစ်သည်။ ဆားသုံးစွဲမှုကို တစ်ဝက်ခန့်လျှော့ချနိုင်လျှင် ကမ္ဘာတစ်ဝန်း လေဖြတ်ခြင်းနှင့် နှလုံးရောဂါဖြစ်၍ နှစ်စဉ်သေဆုံးခြင်းကို ၂ ဒသမ ၅ သန်းခန့် လျှော့ကျစေနိုင်ပါသည်။

ဖွံ့ဖြိုးပြီးနိုင်ငံတွင်အငန်(ဆား)သုံးစွဲမှုလျှော့ကျအောင်ပြုလုပ်ရန်နည်းလမ်းများ

အစားအစာမှရသော ဆားဓာတ်အများစုမှာ အသင့်ပြုလုပ်ပြီး၊ ထုပ်ပိုးပြီးအစားအစာ၊ စားသောက်ဆိုင်မှအစားအစာ၊ အမြန်ရသော အစားအစာတို့မှ ရရှိခြင်းဖြစ်ပါသည်။ ဆားသုံးစွဲမှုကိုလျှော့ကျအောင် အဓိကပြုလုပ်သင့်သောနည်းလမ်းများမှာ-

- စားသောက်ကုန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပြီး အစားအသောက်ထုတ်လုပ်ရာတွင် ဆားထည့်သွင်းမှုကို လျှော့ချအောင် ညွှန်ကြားခြင်း၊
- အစိုးရများအား မိမိတို့နိုင်ငံအလိုက် ဆားသုံးစွဲမှုကန့်သတ်ချက် မိမိတို့ဘာသာထားရှိစေရန် တိုက်တွန်းခြင်း၊
- အစားအသောက်များတွင်ပါရှိသော ဆားဓာတ်ပမာဏကို ဖော်ပြစေရန် ညွှန်ကြားခြင်း၊
- ပြည်သူများအား အငန်ဓာတ်ကြောင့် ဖြစ်ပေါ်နိုင်သော ဆိုးကျိုးများကို ပညာပေးခြင်း။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အငန်သုံးစွဲမှုကို လျှော့ကျအောင် ပြုလုပ်နည်းများ

အငန်ဓာတ်အများစုသည် ဟင်းချက်ရာမှလည်းကောင်း၊ တို့စရာများမှလည်းကောင်း ရရှိပါသည်။

- အစားအစာများတွင်ပါသော အငန်ဓာတ်အများစုသည် မည်သို့ပါဝင်နေသည်ကို ဆန်းစစ်ခြင်း၊
- ကျန်းမာရေးအဖွဲ့အစည်းများနှင့် အစိုးရများအား အငန်ဓာတ်၏ အရေးကြီးပုံကို ဆွေးနွေးတင်ပြခြင်း၊
- ပြည်သူအများအား အငန်ဓာတ်ကြောင့်ဖြစ်ပေါ်နိုင်သော ဆိုးကျိုးများကို ပညာပေးခြင်း။

ပြည်သူလူထုအတွင်း လူတိုင်းတွင် အငန်ဓာတ်လျှော့ကျအောင် ပြုလုပ်နည်းများ

အငန်ဓာတ်လျှော့ခြင်းဖြင့် နှလုံးသွေးကြောအန္တရာယ်ကို လျှော့ချပါ။

အငန်ဓာတ် များများစားလေလေ သွေးတိုးရောဂါပိုဖြစ်လေလေ ဖြစ်ပါသည်။ သွေးတိုးများလေလေ နှလုံးရောဂါ၊ လေဖြတ်ရောဂါနှင့် ကျောက်ကပ်ရောဂါဖြစ်လေလေဖြစ်ပါသည်။ သို့သော်လည်း ထမင်းစားပွဲတွင် ဆားဖြူးခြင်းသည် အဓိကမဟုတ်ပါ။ ရာခိုင်နှုန်း ၈၀ ခန့်သော ဆိုဒီယမ်ဓာတ်ကို အသင့်ပြုလုပ်ပြီး အစားအစာ၊ ထုပ်ပိုးပြီးအစားအစာ၊ စားသောက်ဆိုင်အစားအစာတို့မှ ရရှိခြင်းကြောင့်ဖြစ်ပါသည်။

မဝယ်မီ အစားအသောက်များတွင် ကပ်ထားသော အငန်ဓာတ်ပါဝင်နှုန်းကို စစ်ကြောပါ။

သင့်ဆိုဒီယမ်ဓာတ်ကိုလျှော့ချလိုလျှင် အစားအသောက်များတွင် ကပ်ထားသော အငန်ဓာတ်ပမာဏကို စစ်ဆေးပါ။ ဆိုဒီယမ်နည်းသော အစားအစာများကို ရွေးချယ်ဝယ်ယူပါ။ တစ်ကြိမ်စားလျှင် ရာခိုင်နှုန်း၂၀ ထက် ဆိုဒီယမ်ပါဝင်သော အစားအစာများကို ရှောင်ကြဉ်ပါ။

ဆိုဒီယမ်နှင့်ဆားပါဝင်မှုအချိုးအဆ။

ဆားတစ်ဂရမ်တွင် ဆိုဒီယမ်ဓာတ် မီလီဂရမ်၄၀၀ပါဝင်သည်။သို့မဟုတ် ဆိုဒီယမ် တစ်ဂရမ်သည် ဆား ၂ ဒသမ ၅ ဂရမ်နှင့် ညီမျှသည်။ လက်ရှိနေ့စဉ်ပျမ်းမျှ လူတစ်ဦးချင်းအလိုက် ဆိုဒီယမ်စားသုံးမှုသည် သတ်မှတ်ထားသော လက်ဖက်ရည်ဇွန်းတစ်ဇွန်း သို့မဟုတ် မီလီဂရမ်၂၃၀၀ ထက် လွန်စွာများပြားလျက်ရှိနေပေသည်။ သို့ဖြစ်၍ လူတစ်ဦးချင်း ဆားသုံးစွဲမှုကို လက်ဖက်ရည်ဇွန်းတစ်ဝက်အထိ လျှော့ချသင့်ပါသည်။

ရှောင်ရန်၊ ဆင်ခြင်ရန်၊ ဆောင်ရန် အစားအစာများ

အချို့သောနိုင်ငံများတွင် အစားအသောက်များကို လွယ်ကူစွာမှတ်သားရန်အလို့ငှာ ကားမီးပွိုင့် အမှတ်အသား(Traffic Lights Indicator) များကိုပါ ထည့်သွင်း ထားတတ်ပါသည်။ ၄င်း အမှတ်အသား မထည့်သွင်းထားသော် အောက်ပါ ဆားဓာတ်အညွှန်းများကို မှတ်သား၍ ခွဲခြားနိုင်ပါသည်။

အနီရောင်(သင်္ကေတ) (STOP) တတ်နိုင်သမျှ ဝေးဝေးရှောင်ပါ။

(တစ်ကြိမ်စားလျှင် ဆိုဒီယမ် မီလီဂရမ် ၄၀၀ ထက်များသော အစားအစာ)

ဝက်ဆားနယ်ခြောက်၊ ချိစ်(အငန်ဓာတ်ပါသော)အကြော်အလှော်၊ ကြက်သားဂျုံကြော်၊ ငါးပိ၊ ငံပြာရည်၊ အသင့်စားခေါက်ဆွဲ၊ သနပ်၊ ပုစွန်၊ ဆလာမီ၊ အမ်ကိုဗီဆော့၊ အငန်ပါသောအစေ့ကြော်(ဥပမာ သီဟိုဠ်စေ့၊ မြေပဲကြော်)၊ ဝက်အူချောင်း၊ ကြက်အူချောင်း၊ အမဲကျပ်ကင်၊ ဆတ်သားခြောက်ကျပ်ကင်၊ ငရုတ်ဆီနှင့် အလားတူဆော့စ်များ၊ စည်သွတ်အသားဘူးများ။

အဝါရောင်(YIELD) ဆင်ဆင်ခြင်ခြင်စားသုံးပါလေ။

(တစ်ကြိမ်စားလျှင် မီလီဂရမ် ၂၀၀မှ ၄၀၀ ပါသော အစားအစာများ)

စည်သွတ်ပဲ၊ ကွတ်ကီးမုန့်၊ နံပြောင်းဖြင့်ပြုလုပ်သော အစားအစာ၊ ပေါင်မုန့်၊ ဘာဂါမုန့်၊ ကိတ်မုန့်၊ ပါစထရီမုန့် (PASTRY)၊ ဟင်းချက်သောဆော့စ်၊ စားပွဲတင်ဆော့စ်၊ အစာသွတ်ပါစတာမုန့်၊ သံဘူးပါစတာမုန့်၊ အသားပါပိုင်မုန့် (PIE)၊ ပါစတာဆော့စ်၊ ပီဇာ၊ အသင့်အစားအစာ၊ စွပ်ပြုတ်၊ အသားညှပ်ပေါင်မုန့် (Sandwich)။

အစိမ်း(GO)များများစားပါ။

(တစ်ကြိမ်စားလျှင် ဆိုဒီယမ်ဓာတ် မီလီဂရမ် ၂၀၀ အောက်နည်းသော အစားအစာ)

အချို့သော နံပြောင်းဖြင့်ပြုလုပ်သော နံနက်စာအစားအစာ၊ ကြက်ဥ၊ လတ်ဆတ်သောငါး၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ လတ်ဆတ်သောချိစ် (cheese) ၊အသီး၊ ဟင်းသီးဟင်းရွက်(အခြောက်၊လတ်ဆတ်သော အအေးခံပြီးသော)၊ အိမ်လုပ်ပေါင်မုန့်၊ ဆော့စ်၊ ဟင်းရည်၊ ပါစတာ၊ ဆန်၊ အငန်ဓာတ်မပါသော သီဟိုဠ်စေ့၊ မြေပဲ၊ ပဲ၊ ရိုးရိုးချိစ်၊ ရိုးရိုးပေါက်ပေါက်မုန့်၊ ဒိန်ချဉ်၊ ပဲအမျိုးမျိုး၊ အသီးအနှံအစေ့များ(seeds)။

> **လိုက်နာသင့်သည့် အချက်များ။**
> - စားပွဲဝိုင်းတွင် ဆားပုလင်းတင်မထားပါနှင့်။
> - ဆားအစားလတ်ဆတ်သော ဟင်းခတ်အမွှေးအကြိုင် အရွက်နှင့် အမှုန့်များကို သုံးစွဲပါ။
> - အငန်ဓာတ်နည်းသော၊ မပါသောဆော့စ်ကို မိမိဘာသာပြုလုပ်၍ သုံးစွဲပါ။

သွေးတိုးရောဂါ ကာကွယ်ပါ။

အိမ်တွင် မိမိဘာသာ သွေးပေါင်မှန်မှန်ချိန်ပါ။ သို့မဟုတ် ဆေးရုံ၊ ဆေးခန်းများတွင် သွေးပေါင်မှန်မှန်ချိန်ပါ။ အကယ်၍ သွေးတိုးရောဂါ ဖြစ်နေပြီဆိုပါက နားလည်တတ်ကျွမ်းသော ဆရာဝန်များနှင့် ကုသပါ။ အကယ်၍ သင်သည် သွေးတိုးရောဂါဆေးဝါးကို လက်ရှိသောက်သုံးနေသူ ဖြစ်ပါက သွေးကျဆေးများ မှန်မှန်သောက်သုံးပါ။

နိဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံတွင် အငန်ဓာတ်စားသုံးမှုသည် နေ့စဉ်စားသုံးသော အစားအသောက်များတွင် လွန်ကဲလျက်ရှိနေပေရာ အငန်စားသုံးမှုကို လူတိုင်းသိရှိနားလည်ပြီး လျှော့ချပါက တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သွေးတိုးရောဂါဖြစ်ပွားမှုနှုန်း များစွာကျဆင်းသွားမည်ဖြစ်ပါသည်။ ထို့ပြင် နောက်ဆက်တွဲ နှလုံးရောဂါ၊လေဖြတ်ရောဂါ၊ ကျောက်ကပ်ရောဂါများ ဖြစ်ပွားမှုကို မလွဲမသွေ လျော့နည်းစေမည်ဖြစ်ကြောင်း အသိပေးတိုက်တွန်း နှိုးဆော်လိုက်ရပါသည်။ ။

ဘားအံမြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေးလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဆေးရုံရှေ့ မြေခင်းအလှပြုပြင်ခြင်းလုပ်ငန်း အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ကိုနှင့် ဦးစီးအရာရှိ ဦးကိုကိုနိုင်တို့က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မှူခင်းကြိုတင်ကာကွယ်ရေး ဖန်းဇော်၌ အသိပညာပေးဟောပြော

ဖန်းဇော် မေ ၂၇

မှုခင်းကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မေ ၂၅ရက် နံနက် ၉နာရီက ဖန်းဇော်မြို့ ဟန်းတဲကျေးရွာအုပ်စု သီရိမင်္ဂလာကန်တော်ကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ဖန်းဇော်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသိန်းထွန်းက မှုခင်းကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောပြီး ဖန်းဇော်ခရိုင်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အထူးအဖွဲ့တာဝန်ခံ ဒုတိယရဲမှူးဖေသိန်းကျော်က လူကုန်ကူးမှုနှင့် လူမှောင်ခိုအကြောင်း သိကောင်းစရာများကို ပညာပေးဟောပြောသည်။ ဆက်လက်၍ ဖန်းဇော်ခရိုင် မူးယစ်အထူးအဖွဲ့ ရဲအုပ်ကိုကိုဦးက မူးယစ်ဆေးဝါးအကြောင်းကို ဟောပြောသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ဖန်းဇော်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းထွန်း၊ ခရိုင်လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အထူးအဖွဲ့တာဝန်ခံ ဒုတိယရဲမှူးဖေသိန်းကျော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသောင်းဖေ၊ ဖန်းဇော်ရဲစခန်းမှူးရဲအုပ်စိုးလွင်၊ မူးယစ်အထူးအဖွဲ့ ရဲအုပ်ကိုကိုဦးနှင့် ဟန်းတဲကျေးရွာ၊ ဆင်းကုန်းရပ်ကွက်နှင့် သီရိရပ်ကွက်မှ ပြည်သူများ စုစုပေါင်းအင်အား ၂၅၀ တက်ရောက်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် ဝန်ထမ်းများသည် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ခင်စန်းမြင့် ဦးဆောင်သည့် မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီအဖွဲ့နှင့်အတူ စလင်းမြို့မ ဈေးအတွင်း တားမြစ်ထားသည့် လက်ဖက်နှင့် ဆက်စပ်ပစ္စည်းများ ရောင်းချခြင်းရှိမရှိကို မေ ၄ရက်က ကွင်းဆင်းစစ်ဆေး ပညာပေးဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သတ်မှတ်စံ(၅)ရပ်နှင့်အညီ အကောင်အထည်ဖော်ရေး ကန့်ဘလူတွင် ရှင်းလင်းဆွေးနွေး

ကန့်ဘလူ မေ ၂၇

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်တွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ သတ်မှတ်စံ(၅)ရပ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရေး ရှင်းလင်းခြင်း အခမ်းအနားကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မေ ၁၅ရက် မွန်းလွဲ ၁နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးဝေမျိုးခိုင်က ကျေးရွာစာကြည့်တိုက်များ သတ်မှတ်စံ(၅)ရပ်နှင့် ကိုက်ညီရန် ကျေးရွာဥက္ကဋ္ဌများက တစိုက်မတ်မတ် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ ကျန်းမာရေးစသည့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာပြည်သူများနှင့် ထိတွေ့ဆက်စပ်လုပ်ဆောင်ကြရန် လိုကြောင်း စသည်ဖြင့် အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဦးဝင်းမောင်က ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအခန်းကဏ္ဍမှ အထောက်အကူပြုမည့် စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးခိုင်မာရေးသည် ကျေးရွာတိုင်းအတွက် မရှိမဖြစ် လိုအပ်ကြောင်း၊ ကျေးရွာစာကြည့်တိုက်များ ခိုင်မာရှင်သန်ရန် သတ်မှတ်စံ(၅)ရပ်နှင့် ကိုက်ညီရန်လည်းလိုအပ်ကြောင်း၊ ကျေးရွာစာကြည့်တိုက်များ စာဌားကတ်စနစ်ဖြင့် လုပ်ဆောင်ရန်လိုအပ်ကြောင်း၊ ကျေးရွာ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ရပ်မိ ရပ်ဖ၊ ကျေးရွာပြည်သူများနှင့် ထိတွေ့ညှိနှိုင်းလုပ်ဆောင်ပါက ရှင်သန်ဖွံ့ဖြိုးသည့် စာကြည့်တိုက်များ ရပ်တည်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ရှေးဟောင်းသမိုင်းအထောက်အထားများ သုတေသနစာတမ်းဖတ်ပွဲ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်တက်ရောက်အားပေး

နေပြည်တော် မေ ၂၇

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော "ရှေးဟောင်းသမိုင်း အထောက်အထားများ" သုတေသနစာတမ်းဖတ်ပွဲကို ယနေ့နံနက်၉နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဘက်စုံခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါ စာတမ်းဖတ်ပွဲသို့ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးလှနှင့် အတွင်းရေးမှူး ဒေါက်တာကျော်ဝင်း၊ အဖွဲ့ဝင် ဒေါက်တာခင်မောင်ညွန့်၊ ရှေးဟောင်း သုတေသနပညာရှင် ဦးမြင့်အောင်၊ ယဉ်ကျေးမှု ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်/မန္တလေး) တို့မှ ပါမောက္ခချုပ်များ၊ စာတမ်းရှင်များ၊ ဝန်ကြီးဌာနများမှ ဖိတ်ကြားထားသော ဧည့်သည်များ၊ သုတေသနပညာရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသား ယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က အဖွင့်အမှာ စကားပြောကြားရာတွင် မြန်မာနိုင်ငံ၌ ရှေးဟောင်းသုတေသနပညာကို အခြေခံသည့် အမျိုးသားယဉ်ကျေးမှု ဖော်ထုတ်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်မှာ နှစ်ပေါင်း ၁၀၀ကျော်ရှိခဲ့ပြီဖြစ်ကြောင်း။

ဖွင့်လှစ်

ရှေးဟောင်း သုတေသနအနေဖြင့် တိမ်မြုပ်ပျောက်ကွယ်နေသည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ရှာဖွေဖော်ထုတ်ရေးတွင် မျိုးဆက်ပြတ်ခြင်း၊ မျိုးဆက်ကွာဟခြင်း မရှိစေရအောင် ရှေးဟောင်းသုတေသနဆိုင်ရာ အသိပညာ၊ အတတ်ပညာများကို မျိုးဆက်သစ် ဝန်ထမ်းများအား ဆင့်ပွားလေ့ကျင့် ပျိုးထောင်ပေးရင်းဖြင့် တစ်ဖက်မှလည်း စူးစမ်းရှာဖွေ ဖော်ထုတ်ခြင်း၊ တူးဖော်မှုပြုခြင်း၊ ကမ္ဗည်းကျောက်စာ သုတေသနပြုခြင်း၊ ရှေးပစ္စည်းနှင့် ရှေးဟောင်း အထိမ်းအမှတ် အဆောက်အအုံများ သုတေသနပြုခြင်းနှင့် ထိန်းသိမ်းခြင်း လုပ်ငန်းများကို ထိထိရောက်ရောက်၊ ခိုင်ခိုင်မာမာ ဆက်လက်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် မှာကြားပြီး သုတေသန စာတမ်းဖတ်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး စာတမ်းဖတ်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် စာတမ်းဖတ်ပွဲကို ကျင်းပရာ အလှည့်ကျသဘာပတိများအဖြစ် မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးလှ၊ အတွင်းရေးမှူးဒေါက်တာကျော်ဝင်း၊ အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာခင်မောင်ညွန့်နှင့် ရှေးဟောင်းသုတေသနပညာရှင် ဦးမြင့်အောင်တို့က ဆောင်ရွက်ကြသည်။

ဖတ်ကြား

နံနက်ပိုင်း စာတမ်းဖတ်ပွဲတွင် ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (မြောက်ပိုင်း)မှ ညွှန်ကြားရေးမှူး ဦးမျိုးညွန့်နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်ဆွေတို့က "ပုံတောင်၊ ရေဝတီကျောက်လွှာစုများမှ ပရိုင်းမိတ်နှင့် အခြားကျောက်ဖြစ် ရုပ်ကြွင်းများ ကွင်းဆင်းသုတေသန ပြုလုပ်မှု" စာတမ်းကိုလည်းကောင်း၊ ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း (ပြည်)မှ ကထိက ဦးဝင်းကြိုင်က "အညာသားကျောက်ခေတ် ယဉ်ကျေးမှု နောက်တွေ့အထောက်အထားများ" စာတမ်းကိုလည်းကောင်း ဖတ်ကြားကြသည်။

မွန်းလွဲပိုင်းတွင် ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန (ဗိဿနိုးဌာနစု)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးမိစိန်က "၂၀၀၇-၂၀၀၈ခုနှစ် ဗိဿနိုးမြို့ဟောင်း တူးဖော်မှုသုတေသန" စာတမ်းကို လည်းကောင်း၊ ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်)မှ ကထိက ဦးသန်းဇော်ဦးက "ပျူမြို့ဟောင်းတို့၏ ရေအရင်းအမြစ်နှင့် စီမံခန့်ခွဲမှု စနစ်ဆိုင်ရာ အထောက်အထားများ ပဏာမလေ့လာချက်" စာတမ်းကို လည်းကောင်း၊ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)မှ လက်ထောက် ညွှန်ကြားရေးမှူး ဦးစိုးစိုးလင်းက " ပုဂံခေတ်စေတီ၊ ဂူဘုရားများ၏ ဗိသုကာ ဖွဲ့စည်းမှုပုံစံများအား ခေတ်အလိုက် ပိုင်းခြားလေ့လာခြင်း" စာတမ်းကိုလည်းကောင်း၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန(ပုဂံဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဦးဝေလွင်က "ကုန်းဘောင်ခေတ်နှောင်း မြန်မာဘုန်းကြီးကျောင်းများ ထိန်းသိမ်းခြင်းလေ့လာချက်" စာတမ်းကိုလည်းကောင်း ဖတ်ကြားကြသည်။

ဖြေကြား

ဖတ်ကြားတင်သွင်းသွားသော စာတမ်းများနှင့် စပ်လျဉ်း၍ ပညာရှင်များ၊ ဧည့်သည်တော်များ၊ သုတေသီများက ဆွေးနွေးအကြံပြုမေးမြန်းကြရာ စာတမ်းရှင်များက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသား ယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က စာတမ်းများအပေါ် ဖြည့်စွက်ဆွေးနွေးမှာကြားပြီး စာတမ်းဖတ်ပွဲကို ညနေ၅နာရီခွဲတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတိပြုရန်

အဝေးပြေးလမ်းမကြီးများပေါ်တွင် ယာဉ်မောင်းသူများ ယာဉ်အချက်ပြမီးအသုံးပြုမှုကို အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်သွားရန်-

"လက်ယာဘက်သို့ ကွေ့ရန် (သို့မဟုတ်) လက်ယာဘက် ယာဉ်ကြောပြောင်းရန်(သို့မဟုတ်)လက်ယာနံဘေးသို့ ကပ်ရန် မိမိယာဉ်၏ လက်ယာဘက် အချက်ပြမီးဖြင့် အချက်ပြရမည်။ လက်ဝဲဘက်သို့ ကွေ့ရန် (သို့မဟုတ်) လက်ဝဲဘက် ယာဉ်ကြောသို့ပြောင်းရန်(သို့မဟုတ်) လက်ဝဲနံဘေးသို့ကပ်ရန် မိမိယာဉ်၏ လက်ဝဲဘက်အချက်ပြမီးဖြင့် အချက်ပြရမည်။ နောက်မှ ယာဉ်အား ကျော်တက်နိုင်ကြောင်း မိမိယာဉ်၏ လက်ယာဘက် အချက်ပြမီးဖြင့် အချက်ပြရမည်"

ကုန်းလမ်းပို့ဆောင်ရေး
ညွှန်ကြားမှုဦးစီးဌာန

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ပေါက်ကွဲမှုသုံးခုဖြစ်ပွား၊ လူထိခိုက်ဒဏ်ရာရရှိမှုမရှိ

နေပြည်တော် မေ ၂၇

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ယနေ့တွင် ပေါက်ကွဲမှုသုံးခု ဖြစ်ပွားခဲ့ကြောင်း၊ လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရှိရသည်။

ပေါက်ကွဲမှုဖြစ်

နံနက် ၉နာရီခွဲခန့်တွင် မော်လမြိုင်မြို့ ရွှေတောင်ရပ် ကမ်းနားလမ်း စားသောက်ကုန်ပစ္စည်းအရောင်းဆိုင်ရှေ့ ကမ်းနားဘက်ခြမ်းရှိ လူသွားလမ်းဘေး (၁×၁)ပေအကျယ် ရေမြောင်းအတွင်း၌ ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ အင်္ဂတေအနည်းငယ် ကွာကျပျက်စီးခဲ့သည်။

ထို့နောက် နံနက် ၉နာရီ ၅၅မိနစ်ခန့်တွင် စစ်ကဲကုန်းရပ် ဗဟိုလမ်း စိုက်ပျိုးရေးရုံးရှေ့ လမ်းလယ်ကျွန်းပန်းစိုက်ခုံအတွင်း၌ ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ အင်္ဂတေအနည်းငယ် ကွာကျပျက်စီးခဲ့သည်။

ထပ်မံဖြစ်ပွား

ထပ်မံ၍ ညနေ ၆နာရီ ၃၅မိနစ်ခန့်တွင် မရမ်းကုန်းရပ် မိန်းကလေးကျောင်းလမ်း၌ ဖွင့်လှစ်ထားသော ပြောင်းရွှေ့သွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းရုံး(IOM-International Organization for Migration)အနီး ခြံစည်းရိုးဘေးတွင် ပေါက်ကွဲမှုတစ်ခု ထပ်မံဖြစ်ပွားခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဖောက်ခွဲဖျက်ဆီးရေးသမားများအား စေလွှတ်၍ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး စသည့်မြို့ကြီးများတွင် ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန်၊ သေကျေပျက်စီးစေရန်အတွက် ဖောက်ခွဲဖျက်ဆီးမှုများပြုလုပ်ရန် ကြံစည်ကြိုးပမ်းလျက်ရှိပြီး လတ်တလောတွင် ဖောက်ခွဲဖျက်ဆီးရေးသမားနှစ်ဦးအားလည်း ပြည်တွင်းသို့ စေလွှတ်ထားကြောင်း သတင်းများရရှိထားသဖြင့် သတင်းထုတ်ပြန် အသိပေးခဲ့ပြီးဖြစ်သည်။

သတင်းပေးပို့

သို့ဖြစ်ရာ အများပြည်သူတို့အနေဖြင့် မိမိတို့နေထိုင်ရာ၊ အသက်မွေးဝမ်းကျောင်းမှုပြုရာ၊ ကူးသန်းရောင်းဝယ်မှုပြုရာ အဝန်းအဝိုင်းအတွင်းသို့ အသွင်အမျိုးမျိုးဖြင့် ထိုးဖောက်ဝင်ရောက်လာမည့် ဖောက်ခွဲဖျက်ဆီးရေးသမားများ၊ အကြမ်းဖက်သမားများအား အထူးသတိပြုစောင့်ကြပ်ကြည့်ရှုဖော်ထုတ်ပြီး မသင်္ကာဖွယ်တွေ့ရှိပါက တာဝန်ရှိသူများထံ အချိန်မီသတင်းပေးပို့ခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း အဇာဘိုင်ဂျန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၂၈

၂၀၀၉ခုနှစ် မေ ၂၈ရက်တွင် ကျရောက်သော အဇာဘိုင်ဂျန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အဇာဘိုင်ဂျန် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာအယ်လ်မာမာမတ်ယာရော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင် စက်ရုံစုဒေသ အခြေခံပညာကျောင်းသစ်၌ ကျောင်းအပ်နှံရေးစတင်ဆောင်ရွက်

ရန်ကုန် မေ ၂၇

ပညာရေးဝန်ကြီးဌာန ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ကျောင်းအပ်နှံရေး ရက်သတ္တပတ်အတွင်း သက်ဆိုင်ရာ ကျောင်းအသီးသီး၌ ကျောင်းအပ်နှံရေးဆောင်ရွက်လျက်ရှိကြရာ မေ၂၅ရက်တွင် မန္တလေးတိုင်း ကျောက်ဆည်မြို့ စက်ရုံစု ဖျောက်ဆိပ်ပင်ဒေသ အခြေခံပညာကျောင်းသစ်၌ ကျောင်းအပ်နှံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်၊ မန္တလေးတိုင်း ပညာရေးမှူး ဦးအောင်ဆွေ၊ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် တာဝန်ရှိသူများတက်ရောက်၍ ကျောင်း အပ်နှံသော ကျောင်းသား ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများ၊ ဆရာ ဆရာမများအား တွေ့ဆုံအားပေးစကား ပြောကြားခဲ့ကာ ပညာရေးဝန်ကြီးဌာနနှင့် ဒေသခံအဖွဲ့အစည်းများက လှူဒါန်းသည့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များနှင့် ကျောင်းဝတ်စုံများကို ပေးအပ်လှူဒါန်းသည်။

အပ်နှံ

အသစ်ဖွင့်လှစ်သည့် အခြေခံပညာ အထက်တန်းကျောင်းတွင် ပတ်ဝန်းကျင်ကျေးရွာများမှ ကျောင်းသား ကျောင်းသူ ၃၁၇ဦး ကျောင်းအပ်နှံခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း **အင်တာနက် ဖောင်ပိတ်သတင်း**

ရုရှားနိုင်ငံက ဆိုယုဇ်အာကာသယာဉ် လွှတ်တင်

ဘိုင်ကိုနော မေ ၂၇

ရုရှားနိုင်ငံက ဆိုယုဇ်တီအမ်အေ-၁၅ အာကာသယာဉ်ကို ဘိုင်ကိုနော အာကာသယာဉ် လွှတ်တင်ရေးစခန်းမှ မေ၂၇ရက် မွန်းလွဲပိုင်းက နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ အောင်မြင်စွာ လွှတ်တင်လိုက်သည်။

လိုက်ပါသွား

ဆိုယုဇ် တီအမ်အေ-၁၅ အာကာသယာဉ်နှင့်အတူ ကနေဒါအာကာသယာဉ်မှူး တစ်ဦး၊ ရုရှားအာကာသယာဉ်မှူးတစ်ဦးနှင့် ဘယ်လ်ဂျီယံအာကာသယာဉ်မှူးတစ်ဦး တို့ လိုက်ပါသွားကြသည်။ ကနေဒါအာကာသယာဉ်မှူး ဘို့ထရက်စ်မှာ အာကာသယာဉ်စခန်း၌ ခြောက်လကြာနေထိုင်ရန် စီစဉ်ထားသည်။

လွှတ်တင်

ဆိုယုဇ် တီအမ်အေ-၁၅ အာကာသယာဉ်မှာ နိုင်ငံတကာအာကာသယာဉ်စခန်းတွင် ရှိနေသော အာကာသယာဉ်မှူးများ အစားထိုးလဲလှယ်ရန်နှင့် ရိက္ခာဖြည့်ဆည်းရန် လွှတ်တင်ခြင်းဖြစ်သည်။ **(အင်တာနက်)**

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့၌ ကားဗုံးပေါက်ကွဲ ၃၀သေဆုံး၊ ၂၅၀ခန့် ဒဏ်ရာရရှိ

လာဟိုး မေ ၂၇

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့ ရဲတပ်ဖွဲ့စခန်းအနီးတွင် မေ ၂၇ရက်က ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားရာ ၃၀သေဆုံးပြီး ၂၅၀ခန့် ဒဏ်ရာရရှိသွားကြောင်း လာဟိုးမြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

ကားဗုံးပေါက်ကွဲ

အဆိုပါကားဗုံးမပေါက်ကွဲမီ လက်နက်ကိုင် တိုက်ခိုက်ရေးသမားများက အနီးဝန်းကျင်တွင် သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။ ထိုသို့ ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ၁၅မိနစ်ခန့်အကြာ၌ ကားဗုံးပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။

သေဆုံး

ကားဗုံးပေါက်ကွဲမှုမှာ လာဟိုးမြို့ လူစည်ကားရာလမ်းမကြီးပေါ်၌ ဖြစ်ပွားခဲ့သဖြင့် သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှု များခြင်းဖြစ်သည်။ (အင်တာနက်)

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ညဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ် ၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ် ၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

နှစ်ရှည်ပင်စိုက်ပျိုးရေး အခြေခံသင်တန်း လားရှိုး၌ဖွင့်

လားရှိုး မေ ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုး မြို့နယ် နောင်မွန်ကျေးရွာ၌ ကျေးလက်ဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်ရှည်ပင်စိုက်ပျိုးရေး အခြေခံသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉နာရီက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ လားရှိုးခရိုင်အတွင်းရေးမှူး ဦးခင်မောင်မြင့်နှင့် မြို့နယ်မန်နေဂျာ ဦးမင်းဇော်တို့က အမှာစကားပြောကြားကြသည်။ အဆိုပါ သင်တန်းသို့ နောင်မွန်၊ နားယာမ၊ မယ်ဟန်၊ နမ့်ပုတ်၊ ဟန်နားကျေးရွာများမှ တာဝန်ရှိသူများ၊ သင်တန်းသားများတက်ရောက်ကြပြီး နှစ်ရှည်ပင်များ အသုံးချ သုတေသနဌာနမှ ဝန်ထမ်းနည်းပြများက ယနေ့မှ မေ ၂၉ရက်အထိ ပို့ချဆွေးနွေးမည်ဖြစ်သည်။

(လားရှိုး ကိုယ်ပွား)

တစ်နှစ်တာအကောင်းဆုံးနည်းပြဆု ဒေးဗစ်မိုရေးစ်ရရှိ

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ စာမျက်နှာဖွဲ့စည်းမှု - တင်မောင်လွင် (မြန်မာ့အလင်း)

လန်ဒန် မေ ၂၇

အင်္ဂလိပ်ပရီမီယာလိဂ်ပွဲစဉ်တွေ ပြီးဆုံးသွားချိန်မှာ ကလပ်အသင်းလိုက်ဆုတွေ ချီးမြှင့်နေသလို ပရီမီယာလိဂ် ဘောလုံးအဖွဲ့ချုပ်ကလည်း ဆုတံဆိပ်တွေ ချီးမြှင့်ပေးနေပါတယ်။ အဲဒီလိုဆုတွေ ချီးမြှင့်ပေးအပ်တဲ့အထဲမှာ ပရီမီယာလိဂ် ကလပ်မန်နေဂျာများအသင်းက ရွေးချယ်ချီးမြှင့်တဲ့ တစ်နှစ်တာအကောင်းဆုံး မန်နေဂျာဆုကို အဲဗာတန်အသင်းမန်နေဂျာ ဒေးဗစ်မိုရေးစ်က ရရှိခဲ့ပါတယ်။

အဲဗာတန်နည်းပြ ဒေးဗစ်မိုရေးစ်။

ဒါ့အပြင်ဒေးဗစ်မိုရေးစ်ဟာ အဲဗာတန်အသင်းနည်းပြအဖြစ် စတင်တာဝန်ယူခဲ့တဲ့ အချိန်ကစပြီး အသင်းပြောင်းရွှေ့ခြင်းမပြုဘဲ အဲဗာတန်မှာပဲ ဆက်လက်တာဝန်ယူနေတာ ဖြစ်ပါတယ်။

ဆွတ်ခူး

အသက်၄၆ နှစ်အရွယ်ရှိတဲ့ ဒေးဗစ်မိုရေးစ်ဟာ တစ်နှစ်တာအကောင်းဆုံး မန်နေဂျာဆုကို ဒီအကြိမ်နဲ့ဆိုရင် သုံးကြိမ်မြောက်ဆွတ်ခူးရရှိခြင်း ဖြစ်ပါတယ်။ ဒေးဗစ်မိုရေးစ်ဟာ ၂၀၀၃ ခုနှစ်နဲ့ ၂၀၀၅ခုနှစ်တွေမှာ တစ်နှစ်တာအကောင်းဆုံးမန်နေဂျာဆုကို ဆွတ်ခူးရရှိခဲ့ပြီး ဖြစ်ပါတယ်။

၂၀၀၂ ခုနှစ်က ပရက်စ်တန်အသင်းကနေ အဲဗာတန်အသင်းကို ပြောင်းရွှေ့ပြီး နောက်နှစ်မှာပဲ ပရီမီယာလိဂ် တစ်နှစ်တာအကောင်းဆုံး မန်နေဂျာဆုကို ရရှိခဲ့တာဖြစ်ပါတယ်။

ရပ်တည်နိုင်

အဲဗာတန်အသင်းကို နည်းပြအဖြစ်တာဝန်ယူခဲ့တဲ့အချိန်ကစပြီး ပရီမီယာလိဂ် ရာသီကုန်ချိန် တန်းစီဇယားမှာ ပဉ္စမအဆင့်နဲ့ ရပ်တည်နိုင်ခဲ့တဲ့ စွမ်းဆောင်မှုဟာ ဒေးဗစ်မိုရေးစ် ကြိုးစားမှုစွမ်းအားတွေ အများပါဝင်နေပါတယ်။

ဒီနှစ်မှာလည်း အဲဗာတန်အသင်းကို ရာသီကုန်ချိန် ပဉ္စမအဆင့်မှာ ရပ်တည်နိုင်အောင်ကြိုးစားပေးနိုင်ခဲ့သလို အက်ဖ်အေဖလားဖိုင်နယ်လုပွဲရောက်အောင် ဒေးဗစ်မိုရေးစ် စွမ်းဆောင်ပေးထားနိုင်ပါတယ်။ လာမယ့် မေ ၃၀ရက်မှာ အက်ဖ်အေ ဖလားဖိုင်နယ်လုပွဲအဖြစ် ချယ်လ်ဆီးအသင်း နဲ့ရင်ဆိုင်ကစားရမယ့်ပွဲကိုလည်း အကောင်းဆုံး ရလဒ်ထွက်အောင် ဒေးဗစ်မိုးရေးစ် ပြင်ဆင်ထားပြီးဖြစ်ပါတယ်။

ဒါကြောင့် အင်္ဂလိပ်ဘောလုံးလောက သက်တမ်းအရင့်ဆုံး ပြိုင်ပွဲတစ်ရပ်ဖြစ်တဲ့ အက်ဖ်အေဖလားဖိုင်နယ်လုပွဲမှာ ချယ်လ်ဆီးနဲ့ အဲဗာတန်တို့ ဘယ်သူဖိုင်နယ်စွဲနိုင်မလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ။

(အင်တာနက်)

ကမ္ဘာ့ဖလား တင်းနစ်ပြိုင်ပွဲ ဆားဘီးယား ဗိုလ်စွဲ

ဒူဆယ်ဒေါ့ဖ် မေ ၂၇

ပြီးခဲ့သည့် မေ ၂၃ရက်က ကျင်းပသော နိုင်ငံအလိုက် ကမ္ဘာ့ဖလားတင်းနစ်ပြိုင်ပွဲတွင် ဆားဘီးယားအသင်းက ဂျာမနီအသင်းအား အနိုင်ရရှိကာ ၄င်းတို့၏ပွဲဦးထွက် ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။ ဆားဘီးယားနိုင်ငံကိုယ်စားပြု ဗစ်တာထရိုအစ်စကီနှင့် ဂျန်ကိုတစ်ပ်ဆာရီဗစ်တို့စုံတွဲက ဂျာမနီနိုင်ငံ ကိုယ်စားပြု ပြိုင်ဘက်များကို အနိုင်ယူကာ နိုင်ငံအတွက် ဂုဏ်ဆောင်နိုင်ခဲ့သည်။

အသက် ၂၃နှစ်ရှိ ထရိုအစ်စကီ သည် ၄င်းထက် ကစားသက်၁၀နှစ်များ သူ ဂျာမန်မှ ရိုင်နာစချူယက်တလာအား အကြိတ်အနယ်ယှဉ်ပြိုင်ကာ ၆-၄၊ ၇-၆ ဖြင့် အနိုင်ရရှိခဲ့သည်။

စချူယက်တလာ၏နောက် အဆင့်ရှစ်နေရာတွင် ရပ်တည်နေသူ ထရိုအစ်စကီသည် ပထမပွဲစဉ်တွင် နောက်မှလိုက်ကစားကာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဒုတိယပွဲစဉ်တွင် စချူယက်တလာသည် ထရိုအစ်စကီအား လက်ရည်တူဖြင့် ကစားနိုင်ခဲ့သော်လည်း ထရိုအစ်စကီက ၅-၄ဖြင့် အနိုင်ရရှိခဲ့သည်။ ပွဲချိန် ၁နာရီ ၅၅မိနစ်အကြာတွင်မှ စချူယက်တလာ အနေဖြင့် ထရိုအစ်စကီအား အရှုံးပေးခဲ့ရသည်။

ဂျာမနီတင်းနစ်သမား ဖိလစ်ကိုလ်ရှရီဘာသည် ပွဲချိန် ၇၃မိနစ်အတွင်း ဆားဘီးယားမှ ပြိုင်ဘက် တစ်ပ်ဆာရီဗစ်အား ၆-၂၊ ၆-၄ဖြင့် ရှုံးနိမ့်ခဲ့သည်။

(အင်တာနက်)

ရီန်းဂျားစ်နည်းပြဝေါလ်တာစမစ် နည်းပြလောကမှအနားမယူသေးဟုဆို

ဂလပ်စကို မေ ၂၇

ရိန်းဂျားနည်းပြ ဝေါလ်တာစမစ်(အောက်ပုံ)သည် ၄င်း၏ အသင်းလေးနှစ်တာကာလ အတွင်း စကော့တလန် ပရီမီယာလိဂ် သရဖူကို ပထမဦးဆုံး ပြန်လည်ဆွတ်ခူးနိုင်အောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြင့် အနားယူမည့်အစီအစဉ်ကို ဖျက်သိမ်းခဲ့သည်။

ရိန်းဂျားအသင်းအား ၂၀၀၇ခုနှစ် ဇန်နဝါရီကတည်းက ကိုင်တွယ်ခဲ့ပြီး ဒုတိယမြောက်နှစ်အဖြစ် နည်းပြခဲ့သူ ဝေါလ်တာစမစ်သည် ယခုဘောလုံးရာသီ အကုန်တွင် အသင်းမှ ထွက်ခွာမည်ဟူသော ထင်ကြေးသတင်းများကို ဂရုမထားဘဲ သရဖူဆွတ်ခူးရေးတွင် ရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင်ပြီး ဆုဖလားကို ဆွတ်ခူးရယူပေးခဲ့သည်။

နည်းပြဝေါလ်တာစမစ်၏ ညာလက်ရုံးတစ်ဆူဖြစ်သည့် ဂန္ဓဝင်ဂိုးသွင်းဖန်တီးရှင် အယ်လီမက်ကိုအစ်သည် စမစ်အနားယူပါက ၄င်း၏နေရာကို လွှဲပြောင်းရယူရန် ရေပန်းစားနေသူဖြစ်သည်။

သို့သော်လည်း အသက် ၆၁နှစ်ရှိ နည်းပြဝေါလ်တာက ၄င်းအနေဖြင့် နည်းပြ လောကမှ အနားယူရန် အစီအစဉ်မရှိသေးကြောင်း၊ လာမည့် ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ အောင်မြင်မှုရရှိရန် စီစဉ်နေကြောင်း ပြောကြားခဲ့သည်။

(အင်တာနက်)

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်၊ ချောင်း၊ အင်းအိုင်အနှံ့အပြား၌ မျိုးရည်ပြည့်ဝသော ငါးထီးကြီးများနှင့် ဥများဖြင့်ပြည့်နေသောငါးမကြီးများသည် ဥချရန် နေရာရှာဖွေ၍ ငါးရစ် တက်ကြပါသည်။

ထိုငါးရစ်တက်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်လေးများသည်လည်း သေကျေပျက်စီးကာ တစ်နိုင်ငံလုံး ဖူလုံစွာစားသုံးမှုနှင့် အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူမပြုနိုင်တော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်(၂/၉၂)ဖြင့် ငါးရစ်၊ ငါးသန် ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများ ဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက "ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ(၄၅)" အရ ဖမ်းဆီးတရားစွဲဆို အပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် လွတ်လပ်စွာ ဥချသားပေါက်နိုင်ရန် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

အမည်မှန်

ကျွန်တော် ဦးလှအောင်(ခ) ဦးလှမော် ၉/ မထလ(နိုင်) ၂၃၁၀၉၃ ၏ အမည်မှန်မှာ ဦးလှအောင်ဖြစ်ပါသည်။

ဦးလှအောင်။

အမည်ပြောင်း

အဖ ဦးအာယု၏သမီး အထက (၃) မင်္ဂလာတောင်ညွန့် အဋ္ဌမတန်းမှ မမြတ်ပန်းဖွန်အား မယွန်းပန်းအိဟု ပြောင်းလဲခေါ်ပါရန်။

မယွန်းပန်းအိ။

အမည်ပြောင်း

အဖ ဦးလှဝင်း၏သမီး အထက (၃)လှိုင်သာယာ ပဉ္စမတန်းမှ မနှင်းနုနုလွင်အား မနှင်းဝေခိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မနှင်းဝေခိုင်။

ဖခင်အမည်မှန်

အထက(၁) ကျောက်တံတား အဋ္ဌမတန်း (B)မှ မောင်ဖြိုးသက်ပိုင်၏ ဖခင်အမည်မှန်မှာဦးမျိုးဆွေ ၇/တငန (နိုင်)၀၆၅၁၃၄ ဖြစ်ပါသည်။

ဦးမျိုးဆွေ။

ပညာရပ်ဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် မေ ၂၇

မြန်မာနိုင်ငံဗိသုကာအသင်းမှ စီစဉ် ကျင်းပသော ပညာရပ်ဆိုင်ရာ ဟောပြောပွဲ (၀၃/၀၉)ကို မေ ၃၀ရက် (စနေနေ့) ညနေ ၃ နာရီတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်း အဆောက်အအုံ(လှိုင်တက္ကသိုလ်နယ် မြေဝင်း၊ မြေညီထပ် Seminar Room တွင် ကျင်းပမည်ဖြစ်ပြီး ဗိသုကာ ဦးရွှေမှ Forms for Myanmar (In Exhibition System on Bagan relics) ခေါင်းစဉ်ဖြင့် ဟောပြောမည် ဖြစ်သည်။ CPD Talk ဖြစ်သဖြင့် Registered Architect များ မပျက်မကွက် (မပျက်မကွက်) တက်ရောက်ရန်နှင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်သည်။ အသေးစိတ် သိရှိလိုပါက မြန်မာနိုင်ငံဗိသုကာအသင်း အထွေထွေ အတွင်းရေးမှူး ဒေါ်မိုးမိုးလွင် ဖုန်း-၀၉-၈၇-၆၃၅၀၀နှင့် ရုံးအဖွဲ့မှူး ဒေါ်နီလာကျော် ဖုန်း-၀၉-၅၁-၁၆၉၈၂သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(ဗိသုကာအသင်း)**

AIT
Asian Institute of Technology
▪ Technology
▪ Development
▪ Management
www.ait.asia
AIT Day Seminar
9:00 - 12:00 noon, 30 May 2009, Saturday; Park Royal Hotel, Yangon
AIT delegation welcomes all interested prospective students, family/friends,educational/research institutions, government agencies/donor agencies, private sector/industries and INGOs / NGOs to attend the AIT Day Seminar.
▪ Entrance to seminar : Free
- Interview of applicants with onsite conditional admission offering
- AIT English Interview Test
For more information, please contact:
United Network, Golden Palace Hotel, 9 Shwetaung Street, Sanchaung, Yangon, Myanmar. ☎ : 09 515 7276
AIT launches International Undergraduate Programs in ICT, Electronics and Mechatronics.

● *ရှေ့ဖုံးမှ*

မီးမောင်းထိုးပြ

ဤသို့ ကျင်းပနိုင်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံ၏ လက်ဖက်စိုက်ပျိုး ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်လာမည် ယုံကြည်မိပါ၏။ မှန်ပါသည်။ ယင်းအလုပ်ရုံ ဆွေးနွေးပွဲကြီးက မြန်မာနိုင်ငံ၏ လက်ဖက်စိုက်ပျိုး ထုတ်လုပ်သူများအတွက် အားနည်းချက်၊ အားသာချက်များကို အမှန်ပင် မီးမောင်းထိုးပြနိုင်ခဲ့ခြင်းကြောင့်ပင် ဖြစ်သည်။

မြန်မာနိုင်ငံ၏ လက်ဖက်စိုက်ပျိုးမှု တစ်ဧကအထွက်နှုန်းသည် အိန္ဒိယ၊ သီရိလင်္ကာ၊ တရုတ်နိုင်ငံတို့နှင့် နှိုင်းစာလျှင် နည်းပါးနေသေးသည်။ ယင်းနိုင်ငံများတွင် လက်ဖက် တစ်ဧကစိုက်လျှင် ရွက်စိမ်းပိဿာချိန် ၁၀၀၀အထက်ထွက် ရှိနေသည်။ မြန်မာနိုင်ငံတွင် လက်ဖက် တစ်ဧက စိုက်ပျိုးမှု အထွက်နှုန်းမှာ ရွက်စိမ်းပိဿာ ၃၀၀အောက်ထွက်ရှိနေသည်။ ဤအချက်မှာ စိုက်ပျိုးမှုနည်းပညာများ ပြုပြင်ပြောင်းလဲရန် အမှန်ပင် လိုအပ်လာခဲ့ပြီဖြစ်သည်။

ကိုင်းဖြတ်ပုံသွင်း

လက်ဖက်တစ်ဧက အထွက်နှုန်း တိုးတက်ရေးအတွက် လက်ဖက်စိုက်တောင်သူများ အနေဖြင့် လုပ်ကိုင်ရန် နည်းလမ်းနှစ်ရပ်ပင်ရှိမည် ဖြစ်သည်။ ယင်းတို့မှာ လက်ဖက်ခင်းအသစ်များ စိုက်ပျိုးရာတွင် တစ်ဧကအပင် ၆၀၀၀ ကျော်ဝင်ဆံ့အောင် စိုက်ပျိုးသွားရန်နှင့် အပင်ဟောင်း၊ အပင်အိုများကို ကိုင်းဖြတ်ပုံသွင်းပြုပြင်ပေးခြင်းတို့ပင်ဖြစ်သည်။

“ အထွက်နှုန်းကောင်း အာသံရွက်ကြီး လက်ဖက်မျိုး စိုက်ပျိုးပါတယ်”

ဦးခင်မောင်မြင့်
(စိန်ဝတ်မှုန်ကုမ္ပဏီ)စိုက်ပျိုးရေးတာဝန်ခံ။

ထို့ကြောင့် မြန်မာ့အလင်းသတင်းအဖွဲ့သည် လားရှိုးမြို့အရှေ့မြောက်ဘက် ကုန်းမြင့် ယာမြေ(၃)တွင် လက်ဖက်စိုက်ခင်းသစ်များ စိုက်ပျိုးနေသည့် စိန်ဝတ်မှုန် ကုမ္ပဏီမှ စိုက်ပျိုးရေးတာဝန်ခံ ဦးခင်မောင်မြင့်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

“ကျွန်တော်တို့ ကုမ္ပဏီအနေဖြင့် ဒီဒေသမှာ ၂၀၀၅ခုနှစ်ကစပြီး ဒေသလက်ဖက်မျိုးဖြစ်တဲ့ အာသံရွက်ကြီးမျိုးကို ခေတ်မီစိုက်ပျိုးစနစ်နဲ့ ဧက ၅၀စတင်စိုက်ပါတယ်။ ၂၀၀၉ခုနှစ်မှာ ဧက ၁၀၀ ထပ်မံစိုက်ပျိုးမှာဖြစ်ပါတယ်။ ၂၀၁၄ခုနှစ်အထိ ဧက ၈၀၀အထိ စိုက်ပျိုးသွားဖို့ စီစဉ်ထားပါတယ်”ဟု ဦးခင်မောင်မြင့် က ရှင်းပြသည်။

ပျိုးထောင်မှု

လက်ဖက်ပျိုးထောင်မှုနှင့်ပတ်သက်ပြီး ဆက်လက်ရှင်းပြရာ “လက်ဖက်ကို ပျိုးမထောင်မီ အောက်တိုဘာလမှာ အသီးခူးပြီး ပျိုးခင်းပေါင်ပေါ်မှာ ဖြန့်ချထားပါတယ်။ တစ်လခန့်အကြာမှာ အညှောက်ထွက်လာတဲ့လက်ဖက်စေ့များကို မြေဩဇာမြေဆီ ထည့်ထားတဲ့ ပလတ်စတစ်အိတ်ထဲမှာ ပြောင်းစိုက်ပါတယ်။ နိုဝင်ဘာနဲ့ ဒီဇင်ဘာမှာ အပြီးပျိုးထောင်ပြီး ခုနစ်လအကြာ ဖွန်လနှောင်းပိုင်းကစလို့ စစိုက်ပျိုးပါတယ်။ စိုက်ပျိုးပြီး တစ်နှစ်သား အရွယ်မှာ အရွက်စခူးနိုင်ပါတယ်။ လေးနှစ်သားအရွယ်မှာ အရွက်ဖြိုင်ဖြိုင်ပြန်ခူးနိုင်ပါတယ်။ တစ်ဧကကို အပင် ၆၀၀၀ မှ ၇၀၀၀အထိ စိုက်ပါတယ်။ တစ်ပင်နဲ့ တစ်ပင် အကွာအဝေး နှစ်ပေခြားပြီး ဇိဇက်နည်းနဲ့ တန်းခြားလေးပေ စိုက်ပါတယ်” ဟု ဦးခင်မောင်မြင့်က ဆက်လက်ရှင်းပြသည်။

လက်ဖက်တစ်ဧက အထွက်နှုန်း တိုးတက်ရေး ကိုင်းဖြတ်ပုံသွင်းရေးမှာလည်း အဓိက အရေးပါသည့် အချက်တစ်ချက်ပင် ဖြစ် သည်။ လက်ဖက်ပင်ဟောင်းနှင့် အပင်သစ်များ ကိုင်းဖြတ်ပုံသွင်းခြင်းကြောင့် အကျိုးဖြစ်ထွန်းပုံများနှင့် စပ်လျဉ်းပြီး ကျောက်မဲမြို့အနီး လက်ဖက်ခြံပိုင်ရှင် ဦးမောင်မောင်ထွန်းအား တွေ့ဆုံမေးမြန်းခဲ့သည်။

နုပျိုလာ

“လက်ဖက်စိုက်တောင်သူတွေဟာ သူတို့ရဲ့ အပင်ဟောင်းတွေကို အကိုင်းအဖျား ဖြတ်ပစ်ဖို့ နှမြောကြပါတယ်။ အမှန်မှာ အပင်အိုကို ကိုင်းဖြတ်ပေးလိုက်ခြင်းကြောင့် အပင်သစ်အဖြစ် ပြန်လည်နုပျိုလာစေမှာ ဖြစ်ပါတယ်။ အထွက်နှုန်းလည်း ကောင်းလာမှာ ဖြစ်ပါတယ်။ အပင်ကြီးများမှာ အကိုင်းများကို သုံးပုံတစ်ပုံ ကိုင်းချန်ဖြတ်တောက်ပစ်ဖို့ လိုပါတယ်။ ဒီလိုဖြတ်တောက်ခြင်းကို Medium Pruning လို့ ခေါ်ပါတယ်။

“လက်ဖက်အထွက်နှုန်းကောင်းစေဖို့ ကိုင်းဖြတ်ပုံသွင်းရေးမှာ အဓိက အရေးကြီးတဲ့ အချက်ဖြစ်ပါတယ်။”

ဦးမောင်မောင်ထွန်း
(လက်ဖက်ခြံပိုင်ရှင်)

အပင်ပျိုများကိုလည်း အပေါ်ယံကိုင်းများဖြတ်တောက်ပေးဖို့ လိုပါတယ်။ ဒီလိုဖြတ်တောက်တာကို Light Pruning လို့ ခေါ်ပါတယ်။ တောင်ပေါ်ဒေသမှာရှိတဲ့ မြေပြင်မှ အမြင့်၁၀လက်မအကွာ ကိုင်းများဖြတ်တောက်တဲ့ စနစ်ကိုတော့ Heavy Pruning လို့ ခေါ်ပါတယ်။ အပင်အိုများ Heavy Pruning လုပ်ပေးလိုက်လို့ တစ်ဧက အထွက်နှုန်း တိုးလာတော့မှာ ဖြစ်ပါတယ်။ ကိုင်းများကိုဖြတ်တောက်ရာမှာ မိုးလယ်ကာလမှာ ပြုလုပ်ပေးရမှာဖြစ်ပါတယ်။ အပင်သစ်များကိုလည်း နှစ်ပေခွဲမှ သုံးပေအထိသာချန်ပြီး ဖြတ်တောက်ပေးသွားရမှာ ဖြစ်ပါတယ် ”ဟု ဦးမောင်မောင်ထွန်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

လက်ဖက်တစ်ဧက အထွက်နှုန်းကောင်းစေရေး လက်ဖက်ရွက်ခူးနည်းမှာလည်း စနစ်ကျရန် အထူးလိုအပ်လှပေသည်။ လက်ဖက်သက်တမ်း လေးနှစ်သားအရွယ်တွင် လက်ဖက်ခူးရာ၌ နှစ်ရွက်တစ်ဖူး ခူးပေးခြင်းဖြင့် အရည်အသွေးကောင်းသော လက်ဖက်ကို ရရှိစေမည် ဖြစ်သည်။ သုံးရွက်တစ်ဖူးခူးပါက အထွက်နှုန်းကောင်းသော်လည်း လက်ဖက်အတန်းအစား ညံ့သွားနိုင်သည်။ လက်ဖက်ကိုင်းကို ဆွဲ၍ ခူးယူလျှင် ကြားဖူးများ ရှင်သန်မှုအားပျော့ကာ အထွက်နှုန်းကို လျော့ကျစေမည်။

နှစ်ရွက်တစ်ဖူး

လက်ဖက် တစ်ဧကအထွက်နှုန်း ကောင်းစေရေး လက်ဖက်ရွက်ခူးနည်းမှာလည်း စနစ်ကျရန် အထူးလိုအပ်လှပေသည်။ လက်ဖက်သက်တမ်းလေးနှစ်သား အရွယ်တွင် လက်ဖက်ခူးရာ၌ နှစ်ရွက်တစ်ဖူး ခူးပေးခြင်းဖြင့် အရည်အသွေး ကောင်းသော လက်ဖက်ကို ရရှိစေမည် ဖြစ်သည်။ သုံးရွက်တစ်ဖူး ခူးပါက အထွက်နှုန်း ကောင်းသော်လည်း လက်ဖက် အတန်းအစား ညံ့သွားနိုင်သည်။ လက်ဖက်ကိုင်းကို ဆွဲ၍ ခူးယူလျှင် ကြားဖူးများ ရှင်သန်မှု အားပျော့ကာ အထွက်နှုန်းကိုလျော့ကျစေမည်ဖြစ်သည်။

ထို့ကြောင့် လက်ဖက်စိုက်တောင်သူများအနေဖြင့် တစ်ဧက အထွက်နှုန်းတိုးစေရေးအတွက် စိုက်ခင်းသစ်များ အပင်များ ဝင်ဆံ့အောင်စိုက်ပျိုးပြီး အပင်ကြီး၊ အပင်ပျိုများကို ကိုင်းဖြတ်ပုံသွင်းပေးရန်နှင့် စနစ်တကျ ဆွတ်ခူးသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာစေ့ငု ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့အနီး စိန်ဝတ်မှုန် လက်ဖက်စိုက်ပျိုးရေး ကုမ္ပဏီမှ ပျိုးထောင်ထားသော လက်ဖက်ပျိုးခင်းများ။ (မြန်မာ့အလင်း)

ဘဝအမောပြေ

ဒါကြောင့်ပါ....

အသက်ခုနစ်နှစ်အရွယ် ကလေးငယ်နှစ်ဦး ဆေးခန်းအပြင်ဘက်၌ ထိုင်စောင့်လျက်ရှိရာ တစ်ဦးမှ ငိုယိုနေသဖြင့် ဒုတိယကလေးက မေးလေသည်။

ဒုတိယကလေး ။ ။ ဟေ့ကောင်…ဘာလို့ငိုနေတာလဲကွ။
ပထမကလေး ။ ။ ငါ သွေးစစ်ရမှာတွေးပြီး ကြောက်လို့ပါ။
ဒုတိယကလေး ။ ။ ဒါများကွာ…ဘာကြောက်စရာရှိလို့လဲ…
ပထမကလေး ။ ။ ငါ့လက်ကို အပ်ကြီးနဲ့ထိုးပြီး သွေးဖောက်စစ်မှာ ကြောက်တယ်ကွ။
ဒုတိယကလေး ။ ။ "ဒါဆို…ငါလည်းကြောက်တယ်"ဟု ဆိုကာ ရုတ်တရက် ငိုလေသည်။
ပထမကလေး ။ ။ ဟေ့ကောင်…အခုမှ ဘာလို့ငိုရတာလဲ…
ဒုတိယကလေး ။ ။ ငါက ဆီးစစ်ဖို့ လာတာကွ။
ပထမကလေး ။ ။ 'ဟေ'

ဘဝဒဿန

- *The difference between failure and success is doing a thing nearly right and doing it exactly right.*
- *ရှုံးနိမ့်မှုနှင့် အောင်မြင်မှုတို့၏အကြား ခြားနားချက်မှာ အလုပ်တစ်ခုကို မှန်ကန်လုနီးပါးဆောင်ရွက်နိုင်ခြင်းနှင့် တိကျမှန်ကန်စွာ ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်သည်။*

အက်ဒွပ်စီဆင်မ်မွန်
(အမေရိကန်လူမျိုးအတွေးအခေါ်ပညာရှင်)

နိုင်ငံတကာ သတင်းစုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ဆမိုအာနိုင်ငံဆိုသည်မှာ.....

သတင်းအက်ဆေး

ဆမိုအာနိုင်ငံသည် တောင်ပစိဖိတ် သမုဒ္ဒရာဒေသတွင် တည်ရှိသည်။ ဆမိုအာနိုင်ငံကို ၁၉၉၇ခုနှစ်အထိ အနောက်ဆမိုအာနိုင်ငံဟုခေါ်တွင်ခဲ့သည်။ ဤကျွန်းနိုင်ငံကို မီးတောင်ကျွန်းကိုးကျွန်းဖြင့် စုစည်းတည်ထောင်ထားသည်။ ၎င်းတို့အနက် ဆာဗေအိကျွန်းနှင့် အူပိုလုကျွန်းနှစ်ကျွန်းပေါင်းသည် ဤနိုင်ငံ ပိုင်နက်နယ်မြေ၏ ၉၉ရာခိုင်နှုန်း ကျယ်ဝန်းသည်။



ဆက်ဆံရေးတင်းမာ

၁၉၆၁ခုနှစ်တွင် လွတ်လပ်ရေးရယူရေး ပြည်သူတို့ဆန္ဒမဲပေးသည်အထိ ဤနိုင်ငံကို နယူးဇီလန်နိုင်ငံက အုပ်ချုပ်ခဲ့သည်။ ၁၉၆၂ခုနှစ်တွင် ဤနိုင်ငံ (ထိုစဉ်က အနောက်ဆမိုအာ)လွတ်လပ်ရေးရရှိသည်။ ပစိဖိတ်ဒေသ ကျွန်းနိုင်ငံတစ်နိုင်ငံအနေဖြင့် ပထမဆုံးလွတ်လပ်ရေး ရရှိခြင်းဖြစ်သည်။ ၁၉၉၇ခုနှစ်တွင် အနောက်ဆမိုအာကို ဆမိုအာနိုင်ငံဟု အမည်ပြောင်းလိုက်သောအခါ အမေရိကန်ဆမိုအာနှင့် ဆက်ဆံရေးတင်းမာစေခဲ့သည်။

ရှာဖွေတွေ့ရှိ

ဆမိုအာကျွန်းကို ပထမဆုံး ရှာဖွေတွေ့ရှိသူ ဥရောပတိုက်သားမှာ ဒတ်ချ်ရေကြောင်းထိန်း ဂျက်ကော့ရော့ဂက်ဗင်းဖြစ်ပြီး ၁၇၂၂ခုနှစ်တွင် စတင်တွေ့ရှိသည်။ ၁၈၃၀ပြည့်နှစ်တွင် လန်ဒန်မစ်ရှင်အဖွဲ့တစ်ဖွဲ့ ဆမိုအာသို့ရောက်လာသည်။

ရုပ်သိမ်းသွား

၁၈၉၉ခုနှစ်တွင် ဂျာမနီက အနောက်ဆမိုအာ (ယခုဆမိုအာနိုင်ငံ)ကို သိမ်းယူပြီး အမေရိကန်က အရှေ့ဆမိုအာ (အမေရိကန်ဆမိုအာ)ကိုသိမ်းသည်။ ဂျာမနီ၊ ဗြိတိန်နှင့် အမေရိကန်တို့ ညှိနှိုင်းသဘောတူအပြီးတွင် ဗြိတိန်က ရုပ်သိမ်းသွားသည်။

ဆက်လက်အုပ်ချုပ်

၁၉၁၄ခုနှစ် ပထမကမ္ဘာစစ်ကြီးအတွင်းက အနောက်ဆမိုအာကို နယူးဇီလန်ကသိမ်းပြီး ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်တိုင် ဆက်လက်အုပ်ချုပ်သည်။ ဒုတိယ ကမ္ဘာစစ်ကြီး အတွင်းတွင် အနောက်ဆမိုအာ၌ အမေရိကန်တပ်များ ချထားခဲ့သည်။ သို့သော် တိုက်ပွဲမဖြစ်ပေ။

ရွေးကောက်ပွဲကျင်းပ

လွတ်လပ်ရေးရကာ နိုင်ငံအမည်ပြောင်းပြီးနောက် ၂၀၀၁ခုနှစ် မတ်လတွင် ရွေးကောက်ပွဲကျင်းပသည်။ ဝန်ကြီးချုပ်တူလာအေပါအား ဒုတိယသက်တမ်းအတွက် ထပ်မံရွေးချယ်တင်မြှောက်သည်။ သူ၏ လူ့အခွင့်အရေးကာကွယ်ရေးပါတီ(အိတ်ချ်အာရ်ပီပီ)က အမတ်နေရာ ၄၉နေရာရှိသည့် ပါလီမန်တွင် အမတ် ၂၈ နေရာရရှိသည်။ ၂၀၀၆ခုနှစ် ဧပြီလ ပါလီမန်ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်တူလာအေပါ၏ အာဏာရပါတီ (အိတ်ချ် အာရ်ပီပီ)ပင် အနိုင်ရရှိခဲ့သည်။

ခန့်အပ်ခံရ

၁၉၆၂ခုနှစ်တွင် လွတ်လပ်ရေးရရှိချိန်မှစတင်၍ ရာသက်ပန်ဘုရင်အဖြစ် ခန့်အပ်ခံရသူ ဘုရင်မာလိုက်တိုအာတာနူမာဖီလီမှာ နန်းသက် ၄၅နှစ်၊ သက်တော် ၉၄နှစ် အရောက် ၂၀၀၇ခုနှစ် မေလတွင် နတ်ရွာစံသည်။

ထိုင်းဘုရင် ဘူမိဘောအဒူယာဒက်၊ ဗြိတိန်ဘုရင်မကြီး ဒုတိယမြောက် အယ်လီဇဘတ်တို့ပြီးလျှင် ဆမိုအာဘုရင်မာလိုက်တိုအာတာနူမာဖီလီသည် ကမ္ဘာပေါ်တွင် နန်းသက်တတိယ အရှည်ဆုံးဘုရင်ဖြစ်သည်။

ဖိစီးနှိပ်စက်

လူဦးရေ နှစ်သိန်းနီးပါးရှိသည့် ဤနိုင်ငံတွင် အများစုသည် ခရစ်ယာန်ဘာသာဝင်များဖြစ်ကြသည်။ ဆမိုအာကျေးရွာ အများအပြား၌ ညပိုင်းတွင် အပြင်မထွက်ဘဲ ဘုရားဝတ်ပြုဆုတောင်းတတ်သည့် အလေ့သည် ဤနိုင်ငံ၏ထူးခြားမှုတစ်ခုပင်။

ဤနိုင်ငံ၏ စီးပွားရေးမှာ ငါးဖမ်းလုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးရေး အပေါ် အဓိက မှီခိုနေသည်။ ဆိုက်ကလုန်းမုန်တိုင်းများနှင့် ရောဂါဘယများ ဖိစီးနှိပ်စက်မှုဒဏ်တို့ကို ပြည်သူတို့မကြာခဏ ကြုံတွေ့ခံစားကြရသည်။

ရပေါက်ရလမ်းတစ်ခု

သို့သော် ဤနိုင်ငံရှိ ကျွန်းများ၏ သဘာဝပသာဒဆွဲဆောင်မှုများ၊ သာမောဖွယ် ပင်လယ်ကမ်းခြေများက ခရီးသွားလုပ်ငန်းတစ်ဟုန်ထိုး ဖွံ့ဖြိုးလာရန် တာစူလျက်ရှိရာ ဤနိုင်ငံ၏ စီးပွားရေးပွင့်လန်းလာရေးအတွက် အာမခံချက်တစ်ရပ်အဖြစ် ရှုမြင်နိုင်ပေသည်။ ယင်းအခြေအနေက နိုင်ငံခြားမှတ်ပုံတင် ဘဏ်လုပ်ငန်းအတွက် ဝန်ဆောင်မှုကဏ္ဍ တိုးချဲ့ရေးကို တွန်းအားပေးသကဲ့သို့ဖြစ်သည်။

ဆမိုအာ လူငယ်လူရွယ်အများအပြားသည် နယူးဇီလန်၊ အမေရိကန် စသည့် နိုင်ငံများသို့ သွားရောက် အလုပ်လုပ်ကိုင်ကြပြီး အမိနိုင်ငံသို့ ငွေပြန်ပို့နေမှုမှာ ဤနိုင်ငံ၏ နိုင်ငံခြားဝင်ငွေ ရပေါက်ရလမ်းတစ်ခု ဖြစ်နေသည်။ ။

ဤနိုင်ငံရှိ ကျွန်းများ၏ သဘာဝပသာဒဆွဲဆောင်မှုများ၊ သာမောဖွယ် ပင်လယ်ကမ်းခြေများက ခရီးသွားလုပ်ငန်းတစ်ဟုန်ထိုး ဖွံ့ဖြိုးလာရန် တာစူလျက်ရှိရာ ဤနိုင်ငံ၏ စီးပွားရေးပွင့်လန်းလာရေးအတွက် အာမခံချက်တစ်ရပ်အဖြစ် ရှုမြင်နိုင်၊ ယင်းအခြေအနေက နိုင်ငံခြားမှတ်ပုံတင် ဘဏ်လုပ်ငန်းအတွက် ဝန်ဆောင်မှုကဏ္ဍ တိုးချဲ့ရေးကို တွန်းအားပေးသကဲ့သို့ဖြစ်၊ ဆမိုအာ လူငယ်လူရွယ် အများအပြားသည် နယူးဇီလန်၊ အမေရိကန်စသည့် နိုင်ငံများသို့ သွားရောက် အလုပ်လုပ်ကိုင်ကြပြီး အမိနိုင်ငံသို့ငွေပြန်ပို့နေမှုမှာ ဤနိုင်ငံ၏ နိုင်ငံခြားဝင်ငွေ ရပေါက်ရလမ်းတစ်ခုဖြစ်နေ။

ကမ္ဘာ့အမြန်ဆုံး မောင်းနှင်နိုင်သောယာဉ်များ

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ

ကမ္ဘာ့နည်းပညာရှင်များက အချိန်တိုအတွင်း အမြန်ဆုံးနှင့် ခရီးအဝေးဆုံးသွားနိုင်သော ယာဉ်ရထားများကို တီထွင်ထုတ်လုပ်လျက်ရှိရာ ယနေ့အချိန်၌ ကမ္ဘာပေါ်တွင် အမြန်ဆုံးမောင်းနှင်သွားလာနိုင်သော မော်တော်ယာဉ်၊ ရထားနှင့် လေယာဉ်များကို စုစည်းဖော်ပြလိုက်ပါသည်။

ကမ္ဘာ့ အမြန်ဆုံး မော်တော်ယာဉ်

အမေရိကန်နိုင်ငံ အက်စ်အက်စ်စီ မော်တော်ကားကုမ္ပဏီက ၁၉၉၆ခုနှစ်၌ ထုတ်လုပ်ထားသည့် အက်စ်အက်စ်စီ အော်ရီရိုမော်တော်ယာဉ်ဖြစ်သည်။ **(အပေါ်ပုံ)** တံခါးနှစ်ပေါက်ပါရှိပြီး အရှည် ၁၇၆ဒသမ ၂လက်မ၊ အကျယ် ၈၂ဒသမ ၇လက်မနှင့် အမြင့် ၄၃လက်မရှိသည်။

အက်စ်အက်စ်စီအော်ရီရိုမော်တော်ယာဉ်သည် အလေးချိန် ပေါင်၂၇၅၀ရှိပြီး ဒီဇိုင်းပညာရှင် မက်သရူးဝါဂါက ပုံစံထုတ်လုပ်ထားခြင်းဖြစ်သည်။ တစ်နာရီလျှင် မိုင်၂၇၀နှုန်းမောင်းနိုင်ပြီး အင်ဂျင်အပူမြင့်ခြင်း မရှိစေရန် နည်းပညာထည့်သွင်းထားသည်။ ကမ္ဘာပေါ်တွင် အမြန်ဆုံး မောင်းနှင်နိုင်သော မော်တော်ယာဉ်အဖြစ် မှတ်တမ်းတင်ထားသည်။ **(အင်တာနက်)**

ကမ္ဘာ့ အမြန်ဆုံး လေယာဉ်

အမေရိကန်လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီက ထုတ်လုပ်ထားသော X-၁၅အမျိုးအစား တစ်ဦးစီး လေယာဉ်ဖြစ်သည်။ အရှည် ၅၂ပေ ၅လက်မ၊ အကျယ် ၂၂ပေ ၄လက်မရှိပြီး အလေးချိန် ၁၄၆၀၅ပေါင် ရှိသည်။ (အပေါ်ပုံ)

တစ်နာရီလျှင် မိုင် ၄၅၁၀နှုန်းမောင်းနှင်နိုင်ပြီး မြေပြင်သို့ဆင်းသောအခါ တစ်နာရီလျှင် မိုင် ၂၀၀နှုန်း ရှိသည်။ အသံထက် မိုင်ပေါင်းများစွာ မြန်သောနှုန်းဖြင့် မောင်းနှင်နိုင်သော လေယာဉ်အမျိုးအစားဖြစ်ပြီး ဝေဟင်အတွင်း မြင့်မားစွာ ထိုးဖောက် မောင်းနှင်ပျံသန်းနိုင်ကြောင်း သိရသည်။ (အင်တာနက်)

ကမ္ဘာ့ အမြန်ဆုံး ခရီးသည်တင်ရထား

ပြင်သစ်နိုင်ငံမှ ထုတ်လုပ်ထားသည့် တီဂျီဗွီ ခရီးသည်တင်ရထားဖြစ်သည်။ ယခုအချိန်၌ ပြင်သစ်နိုင်ငံ ပါရီမြို့နှင့် စထရာဘိုးမြို့အကြား ပြေးဆွဲလျက်ရှိသည်။ **(အပေါ်ပုံ)**၁၉၉၀ပြည့်နှစ်က တစ်နာရီလျှင် ၅၁၅ဒသမ ၃ကီလိုမီတာနှုန်း မောင်းနှင်နိုင်သောရထားများကို အခြေခံကာ မြန်နှုန်းမြှင့်ပြီး ထုတ်လုပ်လိုက်ခြင်းဖြစ်သည်။

ပြင်သစ်နိုင်ငံ၏ ကျည်ဆန်ရထားဟုအမည်တွင်သည့် တီဂျီဗွီ ခရီးသည်တင်ရထားသည် တစ်နာရီလျှင် ကီလိုမီတာ ၅၄၀အထိ မောင်းနှင်နိုင်သဖြင့် ကမ္ဘာ့အမြန်ဆုံးရထားအဖြစ် မှတ်တမ်းတင်ထားသည်။

(အင်တာနက်)

မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်နှင့် ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုးတို့ ဧပြီ၂၄ရက်က ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေး အဖွဲ့ပိုင်မော်တော်ယာဉ်များကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျွန်းနှင့်သစ်မာစိုက်ပျိုးရေး တာဝန်ပေးအပ်

နတ်တလင်း မေ ၂၀

ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီခရိုင် နတ်တလင်းမြို့နယ် သစ်တောဦးစီးဌာနက ၂၀၀၉-၂၀၁၀ ခုနှစ် ကျေးလက်အိမ်ရာထူထောင်ရေးနှင့် ကျေးရွာပိုင်သစ်တောစိုက်ခင်းတည်ထောင်ခြင်းအတွက် တစ်အိမ်ထောင်လျှင် ကျွန်း သုံးပင်၊ သစ်မာပင် ၂၀နှင့် ရွာတစ်ရွာလျှင် တစ်ဧက ကျေးရွာပိုင်သစ်တောစိုက်ခင်းများ တည်ထောင်ရန် တာဝန်ပေးအပ်ပွဲနှင့် ပညာပေးဟောပြောပွဲကို မေ ၁၅ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးရဲထွန်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မျိုးခိုင်က စိုက်ပျိုးရမည့် နည်းစနစ်နှင့် လုပ်ငန်းများအကြောင်းရှင်းလင်းဆွေးနွေးသည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌက ကျေးရွာအုပ်စုတစ်စုချင်းစီသို့ စိုက်ပျိုးရန်တာဝန်ပေးအပ်လွှာများ ပေးအပ်သည်။

နတ်တလင်းမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့်၂၀၀၉-၂၀၁၀ခုနှစ်တွင် ကျွန်းပင်၃၀၀၀၀နှင့် ယူကလစ်ပင် ၁၂၀၀၀၀စုစုပေါင်းအပင် ၁၅၀၀၀၀ ပျိုးထောင်ထားရှိပြီးဖြစ်ရာ ကျေးရွာအုပ်စုပေါင်း ၃၇ အုပ်စု၊ ကျေးရွာပေါင်း ၁၄၂ရွာတွင် စိုက်ပျိုးမည်ဖြစ်ကြောင်းသိရသည်။(မြို့နယ် ပြန်/ဆက်)



ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး၌ ဈေးရုံများ၊ သားငါးတန်းများနှင့် ရေမြောင်းများအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကျန်းမာရေးမှူး(၂)ဦးသက်လွင်နှင့်အဖွဲ့၊ဈေးတာဝန်ခံ၊ဈေးခေါင်း(၃)ဦးသိန်းထွန်းနှင့် အဖွဲ့ဝင်ထမ်းများ ဧပြီ ၂၆ရက်က ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ယာဉ်/လမ်းစည်းကမ်း ဗန်းမော်၌ ပညာပေးဟောပြော

ဗန်းမော် မေ ၂၅

ဗန်းမော်ခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို မေ ၂၁ရက် နံနက် ၉ နာရီက ဗန်းမော်မြို့ အဝေရာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဗန်းမော်ခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသိန်းထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းဟောပြောပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးတင်အုန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မော်တော်ဆိုင်ကယ်စီးသူများလိုက်နာရန် စည်းကမ်းများကို ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်းက ဒေသတွင်းစည်းကမ်းချက်များနှင့် လုပ်ငန်းလိုင်စင်များအကြောင်းကို ရှင်းလင်း ဟောပြောကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

မြို့နယ်သတင်းများ

တောင်သာမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မေ ၆ ရက်က တောင်သာမြို့ မြို့မဈေးအတွင်း သန့်ရှင်းလတ်ဆတ်သော သားငါးများ ရောင်းချမှုရှိမရှိကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ထီးချိုင့်-ကျောင်းကုန်း လမ်း ပေါ် ရှိ အ လယ် တော ရွာတွင် တံတားအသစ်တည် ဆောက် ရန်အတွက် ထီး ချိုင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင် ကွင်းဆင်းကြည့်ရှုရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်သူနိုင် က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ခွာနာလျှာနာရောဂါကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

ခွာနာလျှာနာရောဂါသည် ရာသီအကူးအပြောင်းနှင့် စိုစွတ်သောကာလများတွင် ပိုမိုဖြစ်ပွားလေ့ရှိသဖြင့် ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများကို ပူးပေါင်း ဆောင်ရွက်နိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

၁။ **ခွာနာလျှာနာရောဂါ**
- ခွာနာလျှာနာ ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားသည်။
- ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက် စသည့် အိမ်မွေးတိရစ္ဆာန်သာမက တောရိုင်း ခွာကွဲတိရစ္ဆာန်များတွင်ပါ ဖြစ်ပွားနိုင်သည်။
- ကူးစက်မှုမြန်ပြီး တိရစ္ဆာန်ငယ်များတွင် သေဆုံးသည်အထိ ပြင်းထန်သည်။
- ခိုင်းကျွဲ၊နွားများ လုပ်ငန်းခွင်မဝင်နိုင်ခြင်း၊ ရောဂါပျောက်ကင်းသော်လည်း အမောမလုံခြင်း၊ တိရစ္ဆာန်အမများတွင် သားလျှောခြင်း၊ နို့ထွက်နှုန်းလျော့ကျခြင်း၊ သားမအောင်ခြင်း၊ မြုံခြင်းဖြစ်စေသည်။

၂။ **ရောဂါလက္ခဏာများ**
- ကိုယ်အပူချိန်တက်ခြင်း၊ အစာမစားဘဲ ငေးမှိုင်နေခြင်း။
- သွားကြိတ်ခြင်း၊ သွားရည်ကျခြင်း။
- လျှာ၊ အာခေါင်၊ သွားဖုံး၊ ခံတွင်းတို့တွင် အရည်ကြည်ဖုများ ဖြစ်ပေါ်ခြင်း၊ အရည်ကြည်ဖုများ ပေါက်ကွဲကာ အနာများဖြစ်လာခြင်း။
- ခွာကြား၊ ခွာပန်းကုံးတို့တွင်လည်း အရည်ကြည်ဖုနှင့် အနာများဖြစ်ခြင်း။
- ခြေထောက်နာပြီး လမ်းကောင်းစွာမလျှောက်နိုင်ခြင်း။
- ဝက်များတွင် နှာဖျား၊ နို့အုံ၊ နို့သီးခေါင်းနှင့် ခွာတွင် အရည်ကြည်ဖုနှင့် အနာများဖြစ်ခြင်း။

၃။ **ရောဂါကူးစက်ပျံ့နှံ့ခြင်း**
- ရောဂါဖြစ်နေသော တိရစ္ဆာန်များသာမက ရောဂါလက္ခဏာမပြဘဲ ရောဂါကူးစက်ထားသည့် တိရစ္ဆာန်များ၏ တံတွေး၊ နှာရည်၊ ဆီး၊ ဝမ်း၊ သွေး၊ နို့ရည်၊ အနာဖေး၊ အနာသားနံ့ရည်နှင့် စာမြို့ဖတ်တို့တွင် ရောဂါပိုးပါရှိသည်။
- ခွာနာလျှာနာရောဂါပိုး သို့မဟုတ် ရောဂါပိုးပါရှိသည့် အညစ်အကြေးစွန်းပေနေသောပစ္စည်းကို တစ်နည်းနည်းဖြင့် စားမိ၊ ရှူမိ၊ ထိတွေ့မိသော ခွာကွဲ တိရစ္ဆာန်အား ရောဂါကူးစက်နိုင်သည်။
- ရောဂါဖြစ်တိရစ္ဆာန်နှင့် တိုက်ရိုက်နီးကပ်ဆက်စပ်မှုမရှိသော်လည်း ရောဂါဖြစ် တိရစ္ဆာန်၏ အညစ်အကြေးများ ပေစွန်းနေသော ပစ္စည်းများ (အသား၊ သွေး၊ ကလီစာ၊ သားရေ၊ စပါးခွံ၊ ကောက်ရိုး၊ လှည်း၊ ဆိုင်ကယ်၊ ကား၊ အဝတ်အစား၊ ဖိနပ်)တွင် ရောဂါပိုး ကပ်ငြိပါရှိနိုင်သဖြင့် ယင်းတို့မှ တစ်ဆင့်လည်း ရောဂါကူးစက်ပျံ့နှံ့နိုင်သည်။

၄။ **ရောဂါကာကွယ်ခြင်း**
- ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်များကို ခွာနာလျှာနာရောဂါကာကွယ်ဆေး ထိုးပေးနိုင်သည်။
- ပထမအကြိမ်ထိုးပေးပြီး နှစ်ပတ်မှလေးပတ်အတွင်း ဒုတိယအကြိမ်ထပ်ထိုးပေးရန်နှင့် ၄င်းနောက် ခြောက်လတစ်ကြိမ်ပုံမှန် ထိုးပေးရန် လိုအပ်သည်။
- ကာကွယ်ဆေးထိုးရန် နီးစပ်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးများသို့ ဆက်သွယ်နိုင်သည်။

၅။ **ရောဂါထိန်းချုပ်ခြင်း**
- ရောဂါဖြစ်တိရစ္ဆာန်ကို အခြားတိရစ္ဆာန်များနှင့် ဝေးရာတွင် သီးခြားချည်နှောင်ထားပါ။ လွှတ်ကျောင်းခြင်း၊ အခြားနေရာသို့ မောင်းနှင်ရွှေ့ခြင်းမပြုပါနှင့်။
- ရောဂါဖြစ်တိရစ္ဆာန်၏ တံတွေး၊ နှာရည်၊ ဆီး၊ ဝမ်းစသည်များနှင့် အစာအကြွင်းအကျန်များကို သီးခြားစုပုံပြီး ထုံးဖြူးခြင်း၊ ခြံသုံးပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ပါ။ ခြံနှင့် ခြံပတ်ဝန်းကျင် ထုံးဖြူးပိုးသတ်သန့်စင်ပါ။
- ရောဂါဖြစ်တိရစ္ဆာန်အား ကျွေးမွေးပြုစုခြင်းကို ဖြစ်နိုင်ပါက လူတစ်ဦးတည်းမှ ဆောင်ရွက်ပါ။ လုပ်ငန်းဆောင်ရွက်ပြီးတိုင်း တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် လက်၊ ခြေ၊ အဝတ်အစားနှင့် ဖိနပ်တို့ကို ဆပ်ပြာဖြင့် ဆေးကြောသန့်စင်ပါ။
- မိမိကျေးရွာ သို့မဟုတ် ကျေးရွာဝန်းကျင်တွင် ရောဂါဖြစ်ပွားနေပါက မိမိ၏တိရစ္ဆာန်ကို လွှတ်မကျောင်းဘဲ မိမိအိမ်ခြံအတွင်း ချည်နှောင်ထားပါ။

၆။ **ရောဂါကုသခြင်း**
- ကျောက်ချဉ် နှစ်ကျပ်သားကို ရေငှက်ပျောဖူးပုလင်းတစ်ပုလင်းနှင့်ဖျော်ထားသော ဖျော်ရည်ဖြင့် လျှာကို တစ်နေ့ လေးကြိမ် သုတ်လိမ်းပေးပါ။
- ခွာအနာကို ဖန်ရည်ဆေး၍ ဆေးကတ္တရာကို အနာထဲဝင်အောင် သုတ်လိမ်းပေးပါ။

၇။ **ပူးပေါင်းဆောင်ရွက်ခြင်း**
- ရောဂါဖြစ်ပွားလျှင် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ဆောလျင်စွာသတင်းပေးပို့၍ ရောဂါဖြစ်ပွားမှုကို လျင်မြန်စွာထိန်းချုပ်နိုင်ရေး ပူးပေါင်း ဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

မိုလ်သင်တန်း(စဉ်-၅၅)ကျောင်းဆင်းအရာရှိများ၏
ဆရာကန်တော့ပွဲနှင့်မိတ်ဆုံစားပွဲဖိတ်ကြားစာ

အမှတ်စဉ်(၅၅) ဗိုလ်သင်တန်းကျောင်းဆင်းအရာရှိများ၏ အနှစ်(၃၀)ပြည့် (ပုလဲရတု) ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ၂-၆-၂၀၀၉ရက် ညနေ ၅နာရီတွင် ရွှေဘဲစားသောက်ဆိုင် (၈)မိုင်လမ်းဆုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းဆင်းအရာရှိများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ **(သီးခြားဖိတ်စာပေးပို့ခြင်းမပြုပါ)**

တက်ရောက်မည့်သူများသည် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ကြပါရန်။

ဒုတိယဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း) ဖုန်း-၀၉-၅၀-၆၅၇၁၀
ဒုတိယရဲမှူးကြီးထွန်းရီ(ငြိမ်း) ဖုန်း-၀၁-၅၈၁၄၃၄
ဗိုလ်ကြီးစောနာသန်(ငြိမ်း) ဖုန်း-၀၁-၆၉၉၇၈၆။

မိဘအမည်မှန်

နေပြည်တော်ပျဉ်းမနား အလက(၃) အဌမတန်းမှ မောင်ရဲထက်ကျော်နှင့်သတ္တမတန်းမှ မောင်ရဲထက်ဇော်တို့၏ ဖခင်နှင့်မိခင်အမည်မှန်မှာ ဦးသိန်းလှိုင်နှင့် ဒေါ်တင်အေးတို့ ဖြစ်ပါကြောင်း။

ဦးသိန်းလှိုင်-ဒေါ်တင်အေး။

အမည်ပြောင်းလဲခေါ်ပါရန်

နေပြည်တော် ပညာသိဒ္ဓိရပ်ကွက် ခရေအိမ်ရာ တိုက်(၄) အခန်း(၀၁)နေ ဦးမင်းမင်းသိုက်-ဒေါ်ချောစုတို့၏သမီး မစုစန္ဒာမင်းအား မစုစန္ဒာသင်းဟုပြောင်းလဲခေါ်ပါရန်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ကမ/၃၁၉၉ Loncin-110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးနွယ် ၁၃/ကမန(နိုင်) ၀၄၂၅၉၄ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး၊(ကျောက်မဲမြို့)။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ပသ/၂၅၆၅၂ Kenbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းမင်း ၁၄/ဖပန(နိုင်) ၁၂၂၂၇၈ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မအူပင်)၊မအူပင်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉ ဘီ၊ မြေကွက်အမှတ် ၁၁၅ မှ ၁၁၈နှင့် ၁၃၃ မှ ၁၃၅/ခ. ၁/အေ၊ မြေကွက်တည်နေရာ အမှတ် ၂၇/၂၉၊ ရန်ကင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ဗိုလ်မှူးတင်ညွန့်(ငြိမ်း)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဗိုလ်မှူးတင်ညွန့်(ငြိမ်း) ကွယ်လွန်သဖြင့် ဒေါ်ခင်ကြည် ၁/မကန(နိုင်)၀၂၅၉၅၉ က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း ရန်ပယ်ပြောင်းဖူး ထုတ်ကုန်ပစ္စည်းစက်ရုံရှိ စိုက်ကွင်းများအတွက် အောက်ပါကွန်ပေါင်းဓာတ်မြေဩဇာများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

ပစ္စည်းအမည်	အရေအတွက်
ကွန်ပေါင်းဓာတ်မြေဩဇာ (N:P:K=10:10:5)	၄၄၂ အိတ်

၂။ တင်ဒါပိတ်ရက်နှင့်အချိန် ၅-၆-၂၀၀၈ ရက်၊ ၁၆း၀၀ နာရီ

အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။ **မြန်မာ့စားသောက်ကုန်လုပ်ငန်း (ရောင်းဝယ်ရေးဌာန) ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၃၇၀။**

အမည်ပြောင်း

တောင်ကြီးမြို့ အထက(၄) ပဥ္စမတန်းမှ မထက်နဒီလှိုင်အား ယနေ့မှစ၍ မကြူကြူလွင်ဟု ပြောင်းလဲခေါ်ပါရန်။ **မကြူကြူလွင်။**

တိုက်ခန်းရောင်းမည်

ကျောက်တံတားမြို့နယ်၊ ၃၅ လမ်း၊ ငါးထပ်၊ အကျယ် (၂၅×၄၀)ပေ၊ အိပ်ခန်းနှစ်ခန်း၊ ရေချိုးခန်း၊ အိမ်သာ၊ မီးဖိုခန်း၊ ကြွေခင်း/ကပ်ပြီး၊ကိုယ်ပိုင်ရေမီး၊ရောင်း-ကျပ်၂၆၅ သိန်း။ **ဖုန်း-၀၉-၅၁-၅၆၅၀၅။**

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခဲ့မှုအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းတစ်ရပ်ထုတ်ပြန်

နေပြည်တော် မေ ၂၇

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မေ ၂၂ရက်က မြန်မာနိုင်ငံနှင့်ပတ်သက်၍ သတင်းတစ်ရပ် ထုတ်ပြန်ခဲ့မှုအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့ရက်စွဲဖြင့် သတင်းတစ်ရပ်ထုတ်ပြန်ခဲ့သည်။

ယင်းသတင်းထုတ်ပြန်ချက်မှာ -

ကုလသမဂ္ဂ လုံခြုံရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ၂၀၀၉ ခုနှစ်၊ မေလ ၂၂ရက်နေ့တွင် သတင်းတစ်ရပ် ထုတ်ပြန်ခဲ့ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူတို့၏အကျိုးအတွက် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေနှင့်အညီ ဒေါ်အောင်ဆန်းစုကြည်အား သူမ၏နေအိမ်တွင် တားဆီးမိန့်ထုတ်ပြန်ပြီး ကန့်သတ်တားဆီးထားခဲ့ရပါသည်။

ထိုသို့ ကန့်သတ်တားဆီးထားစဉ်ကာလအတွင်း ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၀၉ ခုနှစ်၊ မေလတွင် သူမ၏နေအိမ်သို့ တရားမဝင် လျှို့ဝှက်ဝင်ရောက်လာသော အမေရိကန်နိုင်ငံသား **Mr. John William Yettaw** အား နှစ်ရက်တိုင် နေထိုင်ခွင့်ပြုခြင်း၊ လက်ခံစကားပြောခြင်း၊ အစားအသောက်ကျွေးမွေးခြင်း စသည်တို့ကို ပြုလုပ်ခဲ့သည့်အတွက် ဥပဒေနှင့်အညီ မလွှဲမရှောင်သာ အမှုဖွင့် တရားစွဲဆိုခဲ့ရပါသည်။

ဤသို့ အရေးယူဆောင်ရွက်ခြင်းသည် နိုင်ငံရေးအရ အကျိုးသက်ရောက်မှု တစ်စုံတစ်ရာဖြစ်ပေါ်လာနိုင်ဖွယ်ရာမရှိပါသဖြင့် ဥပဒေနှင့်အညီ မိမိတို့၏အရေးယူဆောင်ရွက်ချက်ကို တရားဥပဒေစိုးမိုးရေး လုပ်ငန်းတစ်ရပ်အဖြစ် ရှုမြင်ဆောင်ရွက်သွားပါမည်။

နိုင်ငံတော်သည် ပြည်သူတို့၏ဆန္ဒနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရန်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ ယင်းလမ်းစဉ်၏ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကို ၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ (၅)ကြိမ်တိုင်တိုင် အောင်မြင်စွာကျင်းပခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်နိုင်ခဲ့ပါသည်။ ၎င်းညီလာခံတွင် လူထုလူတန်းစားအသီးသီးမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း (၁၀၀၀)ကျော် ပါဝင်တက်ရောက်ခဲ့ကြပါသည်။ သို့ဖြစ်ရာ အမျိုးသားညီလာခံတွင် စစ်မှန်သောတွေ့ဆုံဆွေးနွေးမှုကို တိုင်းရင်းသားအားလုံးပါဝင်၍ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

ဆက်လက်၍ မူဝါဒလမ်းစဉ်(၇)ရပ်၏ တတိယအဆင့်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကို အမျိုးသားညီလာခံက ချမှတ်ပေးခဲ့သည့်အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မရှင်က ဆောင်ရွက်ခဲ့ပါသည်။ ယင်းလမ်းစဉ်၏ စတုတ္ထအဆင့်ဖြစ်သည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ၂၀၀၈ခုနှစ် မေလကပြုလုပ်ခဲ့ရာ ဆန္ဒမဲပေးသူများ၏ ၉၂.၄၈ ရာခိုင်နှုန်းသောထောက်ခံချက်ဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကို တစ်ခဲနက် အတည်ပြုခဲ့ပြီးဖြစ်ပါသည်။

ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာတွင် တစ်တပ်တစ်အားပါဝင်လာနိုင်စေရေးအတွက် နိုင်ငံတော်အနေဖြင့် ၂၀၀၈ခုနှစ်၊ စက်တင်ဘာလ ၂၃ရက်နေ့တွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၁(၁)အရ အဋ္ဌမအကြိမ်မြောက်အဖြစ် လွတ်ငြိမ်းချမ်းသာခွင့် ခံစားခွင့်ပြုခဲ့ရာ၌ အကျဉ်းသူအကျဉ်းသား (၉၀၀၂)ဦးကိုလည်းကောင်း၊ ၂၀၀၉ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် နဝမအကြိမ်မြောက်အဖြစ် အကျဉ်းသူအကျဉ်းသား (၆၃၁၃)ဦးကိုလည်းကောင်း လွှတ်ပေးခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်မှုနှင့် နယ်မြေပိုင်ဆိုင်မှုကို အလေးအနက်ထားကြောင်း၊ မြန်မာနိုင်ငံ၏အနာဂတ်သည် မြန်မာပြည်သူပြည်သားအားလုံး၏ လက်ဝယ်တွင်တည်ရှိနေကြောင်း လုံခြုံရေးကောင်စီဝင်နိုင်ငံများက ထုတ်ဖော်မှုအပေါ် မြန်မာနိုင်ငံအနေဖြင့် လေးနက်စွာခံယူပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပဉ္စမအဆင့်ဖြစ်သည့် ပါတီစုံအထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ်တွင် ကျင်းပပေးသွားမည်ဖြစ်ပြီး နိုင်ငံတော်သည် ပြည်သူ့ဆန္ဒနှင့်အညီ ပြည်သူလူထုနှင့်အတူ လက်တွဲ၍ မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စေရန် မမိုတ်မသုန် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန

ယုဇနဘက်စုံစိုက်ပျိုးမွေးမြူရေး စီမံကိန်းရှိ ပီလောပီနံစိုက်ခင်းများမှ အပင်သက်တမ်း ၂၇ လတွင် တူးဖော်ရရှိသည့် ပီလောပီနံဥများကို ဤသို့ တွေ့ရသည်။ (သတင်းစဉ်)

ပီလောပီနံဖြင့် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနိုင်တော့မည့် ကချင်ပြည်နယ်မှ ယုဇနဘက်စုံစိုက်ပျိုးမွေးမြူရေး စီမံကိန်း

သတင်းဆောင်းပါး
တင်ထွေး (သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း
ကျော်ဆွေမိုး (မြန်/ဆက်)
စာမျက်နှာဖွဲ့စည်းမှု
မာမာစိုး

ရန်ကုန် မေ ၂၇

ယုဇနဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းသို့ ပထမအခေါက်ရောက်ဖြစ်စဉ်ကပင် သတင်းဆောင်းပါးရေးသားရန် စိတ်အားထက်သန်ခဲ့သည်။ သို့သော်လည်း အချိန်မအားလပ်သည်ကတစ်ကြောင်း၊ အချက်အလက်ပြည့်ပြည့်စုံစုံ ဖြစ်ချင်သည်ကတစ်ကြောင်းမို့ လက်တွေ့ချမရေးဖြစ်ခဲ့ချေ။

ပထမအခေါက်နှင့် တစ်လခန့်သာခြားပြီး ဒုတိယအခေါက်ရောက်ဖြစ်သောအခါ ယုဇနဘက်စုံစိုက်ပျိုးမွေးမြူရေး စီမံကိန်းတစ်ခုလုံးကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုလေ့လာခွင့်ရရှိခဲ့ရာ စီမံကိန်း၏ ပမာဏကျယ်ပြန့်ကြီးမားမှုကို ပိုမို၍ သဘောပေါက်နားလည်ခဲ့ရသည်။

စာမျက်နှာ ၉ ကော်လံ ၂ ●

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

ရာသီဥတု၊ စိတ်ဖိစီးမှုနှင့် အစားအစာများ ဆင်ခြင်လျှင် ထိပ်ပြောင်ခြင်းမှ ကာကွယ်ပေးနိုင်ဟုဆို



နှစ်စဉ် ရာသီဥတု အပြောင်းအလဲ၌ ကျန်းမာရေးဂရုစိုက်နေထိုင်ခြင်း၊ စိတ်ဖိစီးမှုလျော့နည်းအောင် နေထိုင်ခြင်းနှင့် အစားအသောက် ဆင်ခြင်စွာ စားသောက်ခြင်းတို့သည် အသက်အရွယ်ရလာသည့်အခါ ဆံပင်ကျွတ်ခြင်းနှင့် ထိပ်ပြောင်ခြင်းတို့ မဖြစ်ပွားနိုင်ကြောင်း ကနေဒါဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။

ပြောကြား

ထိပ်ပြောင်သူများအနေဖြင့် ရာသီဥတုအပြောင်းအလဲ၌ ရာသီဥတုဒဏ်ကြောင့် ဖျားနာမှုမဖြစ်ပွားရန် နေထိုင်ရမည်ဖြစ်ပြီး မကြာခဏဖျားနာမှုများသည် ကိုယ်တွင်းဇီဝဖြစ်စဉ် ပျက်စီးမှုကြောင့် ဆံပင်ကျွတ်ခြင်းများ ဖြစ်ပေါ်တတ်ပြီး ထိပ်ပြောင်ခြင်းအတွက် အစပြုတတ်သည်ဟု ၎င်းတို့က ပြောကြားသည်။

ထိခိုက်စေ

ထို့အပြင် စိတ်ဖိစီးမှုလျော့နည်းအောင် နေထိုင်ရမည်ဖြစ်ပြီး စိတ်ဖိစီးမှုသည် ဦးနှောက်အတွင်းဆဲလ်များကို ထိခိုက်ပျက်စီးစေသည့်အပြင် ဦးနှောက်သွေးကြောများ သန်စွမ်းမှုကို ထိခိုက်စေသည်ဟုဆိုသည်။

ကာကွယ်ပေးနိုင်

တစ်ဖန် ပရိုတင်းများသော အစားအစာများကို စားသောက်ပေးပြီး ကာဗိုဟိုက်ဒရိတ်များသော အစားအစာများကို အနည်းငယ်သာစားသုံးပါက ထိပ်ပြောင်ခြင်းမှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း ကနေဒါဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။

မှတ်သားဖွယ်ရာ မိုးရေချိန် ၂၇-၅-၂၀၀၉

သံတွဲ	၂ ဒသမ	၈၄ လက်မ
ဟုမ္မလင်း	၂ ဒသမ	၅၂ လက်မ
ပဲခူး	၂ ဒသမ	၄၈ လက်မ
ရေး	၂ ဒသမ	၁၇ လက်မ
ဖျာပုံ	၂ ဒသမ	၀၄ လက်မ
မင်းဘူး	၁ ဒသမ	၆၆ လက်မ
မကွေး	၁ ဒသမ	၅၀ လက်မ